မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၃၅၄)

ဒို့တာဝန်အရေး(၃)ပါး

❖ ပြည်ထောင်စု မပြိုကွဲရေး။
❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၂၄

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ် ၁၄ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံ (ASEAN INTER-PARLIAMENTARY ASSEMBLY) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိသည်။

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ကျင်းပသည့် (၃၂)ကြိမ်မြောက် အာဆီယံပါလီမန်အမတ်များ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ခေါင်းဆောင်သော လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးမြညိမ်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်၊ လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H. E. Mr. Sieng Bunvuth နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ပြန်လည်လိုက်ပါလာ

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်ရွှေ၊ အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေးမောင်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်၊ ပြည်သူ့လွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ် ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း၊ အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီအဖွဲ့ဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့်၊ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကယားပြည်နယ် ရှားတောမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် *စာမျက်နှာ ၃ ကော်လံ ၁* ❐

မြန်မာ့အလင်း

ယနေ့ ပတ်စရာ၊ မှတ်စရာ သတင်း အညွှန်း

အသစ်တစ်ဖန် ပြန်လည်ဖွံ့ဖြိုးလာမည့် ကျကူနီကျေးရွာ

ကျကူနီကျေးရွာသစ် တည်ဆောက်ပေးရာတွင် ရွာလယ်အားကစားကွင်း၊ အခြေခံပညာမူလတန်းကျောင်း၊ ဘုရားရှိခိုးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ နေ့ကလေးထိန်းမူကြိုကျောင်းများအပါအဝင် စံပြကျေးရွာတစ်ရွာ၏ အင်္ဂါရပ်များနှင့်ပြည့်စုံအောင် တည်ဆောက်ပေးလျက်ရှိ။

မောင်ယဉ်ကျေး(တာချီလိတ်)၏ သတင်းဆောင်းပါး စာ-၁၀

ရုပ်ရှင်နယ်မြေက ရင်လှိုင်းခတ်သံများ

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကြီးသည် ဂန္ထဝင်စံအိမ်ကြီး ပီပီ အနှစ်သာရပြည့်ဝလှသည်၊ တန်ဖိုးအနဂ္ဃထိုက်လှသည်။

ဦးအောင်စိုးဦး၏ သတင်းမှတ်စု စာ-၆

ရန်ကုန်တိုင်းဒေသကြီး မထသ(ဗဟို)၏ သတင်းမှတ်စုများ

တင်ဝင်းလေး(ကြည့်မြင်တိုင်)၏ သတင်းမှတ်စု စာ-၆

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၅ ရက်)

အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်း သုံးသပ်ဆွေးနွေးပွဲ ပြည်သူ့ကျန်းမာရေး တိုးမြှင့်ဖော်ဆောင်နိုင်မည်

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သည့် ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာတက္ကသိုလ်များနှင့် နီးနွယ်တက္ကသိုလ်များရှိ ဆေးဝါးဗေဒဌာနများမှ အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပြန်လည်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အဓိကတာဝန်ယူဆောင်ရွက်နေကြသည့် ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဝါးသိပ္ပံပညာရှင်များမွေးထုတ်ပေးရာ တက္ကသိုလ်များ၌သင်ကြားပေးနေသည့် ဘွဲ့ကြိုသင်ရိုးညွှန်းတမ်းများအနက် အဓိကဆေးဝါးများနှင့်သက်ဆိုင်သည့် ခံယူချက်သဘောတရားများ၊ ကျိုးကြောင်းညီညွတ်စွာ ဆေးဝါးများညွှန်းခြင်းဆိုင်ရာ သင်ရိုးညွှန်းတမ်းများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ်ခြင်း၊ လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်မှုများပြုလုပ်ခြင်းဖြင့် ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများအသုံးပြုတတ်ခြင်းကို မြှင့်တင်ဖော်ဆောင်နိုင်စေရန်အတွက် ဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာတွေ့ရှိချက်များအရ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆေးဝါးညွှန်းခြင်း၏ ထက်ဝက်ခန့်သည် သင့်လျော်မှန်ကန်မှုမရှိ၊ ဆေးဝါးသောက်သုံးသူများ၏ ထက်ဝက်ခန့်သည်လည်း ဆေးညွှန်းအတိုင်း မသောက်သုံးကြဘဲ မိမိသောက်ချင်သကဲ့သို့ သောက်နေကြကြောင်း ပဋိဇီဝဆေးဝါးများကိုလည်း မလိုအပ်ဘဲ အသုံးပြုနေသည့်အတွက် Resistance အဖြစ်များကြောင်းကို ဖော်ပြထားသည်။

မြန်မာနိုင်ငံ၌လည်း အလားတူပြဿနာကိုဖြစ်စေသည့်အချက်များမှာ လူနာတစ်ဦးအတွက် ဆေးအမျိုးပေါင်းများစွာညွှန်းခြင်း၊ မလိုအပ်ဘဲ ပဋိဇီဝဆေးများပေးခြင်း၊ မလိုအပ်ဘဲဆေးထိုးခြင်း၊ လူနာများ၏ တောင်းဆိုမှုကြောင့် ဆေးပေးခြင်း၊ ဆေးထိုးခြင်း၊ ဆေးပတ်လည်အောင်မသောက်ခြင်း၊ ထုတ်ပြန်ထားသော Treatment Guidelines များကို အသုံးမပြုခြင်း၊ နားလည်တတ်ကျွမ်းသူထံ တိုင်ပင်ဆွေးနွေးခြင်းမပြုဘဲ မိမိဘာသာဆေးဝယ်သောက်ခြင်း၊ ဆေးဆိုင်မှတွဲပေးသောဆေးတွဲများသောက်ခြင်းတို့ကြောင့် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အနေဖြင့် ရင်ဆိုင်နေကြရသည်။

အဓိကဆေးဝါးများကို ခံယူချက်နှင့် သဘောတရားများကို နားလည်ခြင်းဖြင့် ကျန်းမာရေးဝန်ထမ်းများသည် မှန်ကန်သောရောဂါလက္ခဏာများသိရှိပြီး ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးညွှန်းပေးနိုင်ခြင်းဖြင့် ဆေးရုံကြီးများ၊ အထူးကုဆေးရုံကြီးများနှင့် သင်ကြားရေးဆေးရုံကြီးများတွင်လည်း ကုသမှုအရည်အသွေး ထက်မြက်လာစေခြင်း၊ ပဏာမကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ပေးနိုင်ခြင်း၊ ဆေးများညွှန်းရာတွင် Standard Treatment Guidelines အတိုင်း ညွှန်းခြင်းဖြင့် ဆေးသုံးစွဲမှုအမယ်များ လျော့နည်းလာ၍ ငွေကုန်မှုသက်သာခြင်း စသည့်အကျိုးကျေးဇူးများ ရရှိစေမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ယခုဆွေးနွေးသည့် အဓိကဆေးဝါးဆိုင်ရာ သင်ရိုးညွှန်းတမ်းအား ပြန်လည်ဆန်းစစ်သုံးသပ်ဆွေးနွေးပွဲသည် လူနာများအတွက် ကြောင်းကျိုးညီညွတ်စွာ ဆေးဝါးများသုံးစွဲမှုကို အကျိုးပြုနိုင်မည်ဖြစ်ရာ ပြည်သူ့ကျန်းမာရေးဆိုင်ရာ တိုးတက်မှုကို တိုးမြှင့်ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါအားထားရသော တိုင်းဒေသကြီးဖြစ်၍ ဌာနအလိုက်၊ ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ကြသောဝန်ထမ်းများအားလုံး တာဝန်သိသိ သစ္စာရှိရှိ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မိမိတို့၏ရသုံးခန့်မှန်းခြေငွေစာရင်းအားရေးဆွဲ၍ မိမိဘတ်ဂျက်အလိုက် ရပ်တည်ဆောင်ရွက်သွားရမည်ဖြစ်၍ ဌာနဆိုင်ရာအလိုက် စာရင်းဇယားကိန်းဂဏန်းများ မှန်မှန်ကန်ကန်တင်ပြရန်နှင့် ရန်ကုန်တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ လုပ်ငန်းအဖွဲ့အစည်းများက အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီး၏ စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျောက်တော်မြို့နယ် ဇီးချောင်းဆည်အတွင်း ငါးမျိုးစိုက်ထည့်

စစ်တွေ စက်တင်ဘာ ၂၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်ရန်နှင့် ကျေးလက်နေ တောင်သူလယ်သမား ဒေသခံပြည်သူများ ငါးစားသုံးမှုပိုမိုတိုးတက်လာစေရန်ရည်ရွယ်၍ ရခိုင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကျောက်တော်မြို့နယ် ဇီးချောင်းဆည်အတွင်း ငါးမြစ်ချင်း၊ တီလားဗီးယားနှင့် ငါးခုံးမကြီးငါးမျိုးကောင်ရေ တစ်သိန်းနှစ်သောင်းကို ဩဂုတ် ၈ ရက်က မျိုးစိုက်ထည့်ပေးရာ**(အောက်ပုံ)** အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ် စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးမြအောင်နှင့်ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးမျိုးအောင်တို့က တက်ရောက်လာသူများအား ဇီးချောင်းဆည်အတွင်း မျိုးစိုက်ထည့်ရန် ငါးများပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်ငါးလုပ်ငန်းဦးစီး)**

ရေငန်ငါးထုတ်လုပ်သူများ အစုအဖွဲ့ ရမ်းဗြဲမြို့နယ်၌ ဖွဲ့စည်း

ရမ်းဗြဲ စက်တင်ဘာ ၂၄

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် အမှတ်(၄)ရပ်ကွက် ကင်းတဲရပ်၌ ရေငန်ငါးထုတ်လုပ်သူများအဖွဲ့ ဖွဲ့စည်းခြင်း အခမ်းအနားကို စက်တင်ဘာ ၂ ရက်က ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးက သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစုအဖွဲ့များ စုဖွဲ့ရခြင်း၏ရည်ရွယ်ချက်နှင့် အစုအဖွဲ့စုဖွဲ့ရခြင်းဆိုင်ရာ စည်းကမ်းချက်များကို တက်ရောက်လာကြသော ရေငန်ငါးဖမ်းထုတ်လုပ်သူများ၊ အသင်းသူ အသင်းသားများအား ရှင်းလင်းဟောပြောသည်။ ဆက်လက်ပြီး ရမ်းဗြဲမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သူက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး လုပ်ငန်းစဉ် (၈)ရပ်ကို ရေငန်ငါးဖမ်းဆီးထုတ်လုပ်သူ အသင်းသူ အသင်းသားများအား ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး တက်ရောက်လာကြသည့် အသင်းသူ အသင်းသားဦးရေ ၅၀က အစုအဖွဲ့အတွက် အစုထည့်ဝင်ငွေကျပ် သိန်း ၅၀ ကို ရင်းနှီး မတည် ထည့်ဝင်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လှည်းကူးမြို့နယ်၌ ကျွန်းစိုက်ခင်း ပျိုးထောင်

ရန်ကုန် စက်တင်ဘာ ၂၄

လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၁၁-၂၀၁၂ ခုနှစ် စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀၀ ကို မဟူရာကြိုးဝိုင်း အကွက်အမှတ် (၆၁)၌ ပျိုးထောင်စိုက်ပျိုးလျက်ရှိရာ သစ်တောဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းနှင့် လှည်းကူးမြို့နယ် သစ်တောဦးစီးဌာန ဦးမြင့်စိုးတို့ စက်တင်ဘာ ၁၉ ရက်က ကွင်းဆင်းစစ်ဆေးကြသည်။ အဆိုပါ ကျွန်းစိုက်ခင်းတွင် ကျွန်းပင်ပေါင်း ၂၇၀၀၀၀ ကို စိုက်ပျိုးပြီး တတိယအကြိမ်ပေါင်းရှင်းခြင်း၊ သေဆုံးပင် ၁၅၃၀၀ကို ပြန်လည်အစားထိုး ပျိုးထောင်စိုက်ပျိုးခြင်းနှင့် ဓာတ်မြေဩဇာကျွေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(သစ်တောဦးစီး)**

စစ်မှုထမ်းဟောင်း သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ညောင်ဦး စက်တင်ဘာ ၂၄

ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက စစ်မှုထမ်းဟောင်း သားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၃ ရက် နံနက်က ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းရုံးခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်

အခမ်းအနားတွင် ရှေးဦးစွာ ညောင်ဦးမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ကြီးအောင်မြင့် (ငြိမ်း)က အမှာစကားပြောကြားပြီး တက္ကသိုလ်၊ ကောလိပ်အဆင့် တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်းဖြင့် ၂၀၊ တက္ကသိုလ်ဝင်တန်း အောင်မြင်သူ တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းငါးထောင်နှုန်းဖြင့် လေးဦး၊ အခြေခံပညာအထက်တန်း အဆင့် တစ်ဦးလျှင် ငွေကျပ်တစ်သောင်းငါးထောင်နှုန်းဖြင့် ၁၈ ဦး၊ အခြေခံပညာ အလယ်တန်းအဆင့် တစ်ဦးလျှင် ငွေကျပ် တစ်သောင်းနှစ်ထောင် နှုန်းဖြင့် ၁၈ ဦး၊ အခြေခံပညာမူလတန်းအဆင့် တစ်ဦးလျှင် ငွေကျပ် ကိုးထောင်နှုန်းဖြင့် ၁၉ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၉ ဦးအတွက် ငွေကျပ် ၁၁၃၇၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

စုပေါင်းကာကွယ် ယာဉ်အန္တရာယ်



လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး တာမွေမြို့နယ်၌ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းဝန်ထမ်းများနှင့်ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အသိပညာပေး မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၂ ရက်က တာမွေမြို့နယ်၌ကျင်းပရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ တာမွေမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဌေးနိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးထွားညွှန့်နှင့် ဝန်ထမ်းများက တာမွေမြို့နယ် ကျိုက္ကဆံလမ်း တာမွေယာယီဈေးရှေ့ **(အပေါ်ပုံ)** တွင်လည်းကောင်း၊ သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းထောင့်တွင်လည်းကောင်း၊ မအူကုန်းလမ်းကျယ်နှင့် ၁၃၅လမ်းထောင့်တွင်လည်းကောင်း၊ ကျားကွက်သစ်လမ်းနှင့် ဘယသုဒ္ဓိလမ်းထောင့်တွင်လည်းကောင်း မြေစိုက်ပိုစတာများ စိုက်ထူကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

❒ ရှေ့ဖုံးမှ

ကိုယ်စားလှယ် ဒေါ်နန်းနွံ၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်တင်၊ အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောအောင်ကျော်နိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး လေရှီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီး၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဝဏ္ဏကျော်ထင်ဦးဌေးမြင့်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း၊ မကွေးတိုင်းဒေသကြီး ရေနံချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြတ်ဉာဏစိုး၊ ရှမ်းပြည်နယ် ဟိုပုံး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးမှုကော်မတီ အတွင်းရေးမှူး ဦးအောင်သန့် ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအား ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး တောင်သူပညာပေးစိုက်ခင်း၌ ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ စိုက်ခင်းများ လေ့လာရေးအဖွဲ့ဝင်များ ကြည့်ရှုလေ့လာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းပြသ

နေပြည်တော် စက်တင်ဘာ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖွံ့ဖြိုးမှုကော်မတီ အတွင်းရေးမှူး ဦးအောင်သန့် ဦးဆောင်သော လေ့လာရေးအဖွဲ့ဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၂၈ဦးတို့အား နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆန်စပါးနှင့် နေကြာသီးနှံစိုက်ခင်းများကို ယနေ့တွင် လိုက်လံရှင်းလင်းပြသသည်။

ပုသိမ်ကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ဖွံ့ဖြိုးမှုကော်မတီအတွင်းရေးမှူး ဦးဆောင်သော လေ့လာရေးအဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူပညာပေး အထူးအထွက်တိုး ဧက ၄၀ စိုက်ခင်းသို့ နံနက် ၇ နာရီတွင်ရောက်ရှိကြရာ ပြည်ထောင်စုဝန်ကြီးက ချိုင်းကျေးရွာစိုက်ကွင်း အပါအဝင် စံနမူနာပြ စိုက်ခင်းများ၌ တစ်ဧကတင်း ၁၀၀ ကျော် ထွက်ရှိအောင် လက်တွေ့စိုက်ပျိုးပြသခြင်းဖြင့် တောင်သူများ၏ယုံကြည်မှုကို တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်းနှင့် တောင်သူအချင်းချင်းလက်ဆင့်ကမ်းပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ပျံ့နှံ့သွားအောင် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

လေ့လာရေးအဖွဲ့သည် ရင့်မှည့်နေသော စပါးစိုက်ကွင်းနှင့် ဟက်တာကွက်များ ဖော်ထုတ်ပြီး တစ်ဆက်တစ်စပ်တည်း ဟက်တာ ၂၀ စိုက်ကွင်း၌ ခေတ်မီကောက်စိုက်စက်များဖြင့် စိုက်ပျိုးထားရှိသော ရက် ၂၀ သားအရွယ် စပါးစိုက်ခင်းတို့ကို ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာအနီး၌ မူလဧက ၅၀ ခန့်ရှိသော လယ်ကွက်ငယ်များကို လယ်ယာသုံးစက်ကိရိယာများဖြင့် စနစ်တကျ တစ်ဟက်တာကွက်ပေါင်း အကွက် ၂၀သို့ ပြုပြင်ပြောင်းလဲ ဖော်ထုတ်ခဲ့မှုကိုလည်းကောင်း၊ ကြာပင်ကျေးရွာအုပ်စုအောင်သုခကျေးရွာအနီးတောင်သူပညာပေးစိုက်ခင်း ၁၀ ဧကရှိ ၅၅ ရက်သားအရွယ် စပါးပင်များမှ ပင်ပွားများ ၁၀ပင်နှင့်အထက် ထွက်ရှိနေသည့် စိုက်ခင်းကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ်ရှိ စံပြ ၁၀ ဧက စိုက်ကွင်းနှင့် တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးသုတေသနခြံ၏ ရိတ်သိမ်းရန် ရင့်မှည့်နေသော နေကြာစိုက်ခင်းတို့ကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ပေးအပ်

နေပြည်တော် စက်တင်ဘာ ၂၄

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အကြီးတန်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ် အကြီးတန်း အမျိုးသမီးဘောလုံးအသင်းအား အောင်နိုင်ရေး အလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်ပြီး အောင်နိုင်ရေး အလံပေးအပ်သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ် ဂုဏ်ဆောင်ပြီး ဒိုင်းဆုကြီးကို သယ်ဆောင်လာရေး၊ စည်းလုံးညီညွတ်ပြီး ရိုးသားစွာယှဉ်ပြိုင်ကြရန်မှာကြားသည်။ရှမ်းပြည်နယ် အမျိုးသမီးဘောလုံးအသင်းသည် အုပ်စု(ဃ)တွင် ပါဝင်ပြီး အောက်တိုဘာ ၄ရက်တွင် ပဲခူးတိုင်းဒေသကြီးအသင်း၊ အောက်တိုဘာ ၅ရက်တွင် ကယားပြည်နယ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ဆင်ဖြူကျွန်းအသင်း(ရန်ကုန်) ပညာရည်ချွန်ဆုချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၂၄

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာလတွင် ကျင်းပမည်ဖြစ်ရာ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ၌ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော အသင်းဝင် သား၊သမီး ကျောင်းသားကျောင်းသူများ၏ အမည်စာရင်းကို ဦးမောင်မောင်ကြီး(ဥက္ကဋ္ဌ) ဖုန်း-၀၉-၈၀၂၄၂၅၀၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉နှင့် ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆၁၄၀၁၂ တို့သို့ အောက်တိုဘာ ၃၁ရက် နောက်ဆုံးထား ဆက်သွယ်စာရင်းပေးကြရန်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အင်းစိန် စက်မှုသိပ္ပံ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၂၄

အင်းစိန်စက်မှုသိပ္ပံ (လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဌာန)ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၇ရက် (တနင်္ဂနွေနေ့)တွင် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး ရန်ကုန်မြို့တော်စည်ပင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြရန်နှင့် အလှူငွေထည့်ဝင်လိုသူများသည် ဦးမောင်မောင်အေး(၈၂) ဖုန်း-၀၉-၅၁၂၆၆၆၅၊ ဦးခင်မောင်မြင့်(၇၉) ဖုန်း-၀၉-၅၁၃၀၅၁၄၊ ဦးတင်မောင်လွင်(၈၃) ဖုန်း-၀၉-၅၀၅၀၄၉၃၊ ဦးလှသိန်း(၈၀) ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးမြဦး(၇၉) ဖုန်း-၀၉-၅၀၃၁၅၃၈၊ ဦးအေးနိုင်(၇၄) ဖုန်း-၀၉-၅၀၆၀၈၉၇၊ ဦးအောင်အောင်ဝင်း(၉၆) ဖုန်း-၀၉-၅၀၃၃၅၀၃ တို့ကို ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဖလမ်း၌ သောက်သုံးရေသန့်ဖွင့်ပွဲ ကျင်းပ

ဖလမ်း စက်တင်ဘာ ၂၄

ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ စေတနာရှင်များ၊ ကျောင်းမိဘဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်များ ပူးပေါင်းလှူဒါန်းသော သောက်သုံးရေသန့်ဖွင့်ပွဲကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၁ နာရီတွင် ဖလမ်းမြို့ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူးက ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရန်အတွက် မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ လက်ရွေးစင်အမျိုးသား အမျိုးသမီး အားကစားသမားများ ကာဇက်စတန်နိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့် တစ်လကြာ ပူးတွဲလေ့ကျင့်နိုင်ရန် စက်တင်ဘာ ၂၃ရက်က ထွက်ခွာသွားရာ လိုက်ပါပို့ဆောင်ကြသော မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုး၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

(သတင်းဖော်ပြပြီး) (မြန်မာ့အလင်း)

အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်

နေပြည်တော် စက်တင်ဘာ ၂၄

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဟုမ္မလင်းမြို့တွင် ၃ ဒသမ ၇၅ လက်မ၊ ပူတာအိုမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၈၅ လက်မ၊ ဖောင်းတူမြို့တွင် ၁ ဒသမ ၇၈ လက်မ၊ မြိတ်မြို့တွင် ၁ ဒသမ ၇၃ လက်မနှင့် မောင်တောမြို့တွင် ၁ ဒသမ ၆၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၁၅ ၂။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၆။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ
၈:၀၀ ၇။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈:၁၅ ၈။ အဖိုးတန်အသုံးဝင်မြန်မာ့ဆင်
၈:၂၅ ၉။ **၂၀၁၁ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်ပထမတန်းအဆင့်) (အမျိုးသမီး)**
၈:၄၀ ၁၀။ **International News**
၈:၄၅ ၁၁။ တေးဂီတအစီအစဉ်
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရဲစုံထောက်ဘတ်ကျောင်ဂွန်း** (အပိုင်း-၁၀)
၁၂:၃၀ ၅။ **ရေဆုံးမြေဆုံး** ခန့်စည်သူ၊မင်းရာဇာ၊ကျော်ဇောဟိန်း၊မင်းဟိဏ်း၊အောင်ပိုင်၊ မြတ်မင်းခန့်၊ထွန်းထွန်းဝင်း၊ ရီတာ၊စိုးမြတ်နန္ဒာ (ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
၁၄:၀၀ ၆။ **၂၀၁၁ခုနှစ်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) (ဝါသနာရှင်ပထမတန်းအဆင့်) (အမျိုးသမီး)**
၁၄:၁၅ ၇။ အတီးပြိုင်ပွဲ
၁၄:၃၀ ၈။ ဂီတသံစဉ်အလှဆင်
၁၄:၅၀ ၉။ **International News**
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅ ၁။ **Myanmar National League MNL Grand Royal CUP 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရောဝတီ ယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်း)**
၅:၄၅ ၂။ တေးဂီတအစီအစဉ်
၆:၀၀ ၃။ ညနေခင်းသတင်း
၆:၁၅ ၄။ မိုးလေဝသအခြေအနေ
၆:၂၀ ၅။ ကာတွန်းအစီအစဉ် **ရေငုပ်သမားလေးအိုလီ** (အပိုင်း-၁၁)
၆:၄၀ ၆။ တစ်မျက်နှာတစ်ကွက်စာ **အကြောင်းမတိုက်ဆိုင်လို့** မင်းသူ၊ခိုင်နှင်းဝေ [ဒါရိုက်တာ-မေတင်(MMG)]
၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၁၈)
၈:၀၀ ၈။ ပြည်တွင်းသတင်း
၉။ နိုင်ငံတကာသတင်းများ
၁၀။ မိုးလေဝသအခြေအနေ
၁၁။ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း ဂုဏ်ပြုဇာတ်လမ်း **အရေးကြုံရင် ကြေးမုံရှိတယ်** ခန့်စည်သူ၊ ဘုန်းလျှံ၊ နေယံ၊ ဇော်ဦး၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ မေကဗျာ၊ ချစ်စနိုးဦး၊ ခင်လေးနွယ်၊ ခရစ္စတီးနား၊ အိချောပို၊ (ဒါရိုက်တာ-ဇော်မြင့်ဦး၊ ခန့်စည်သူ)
၁၂။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ) (အပိုင်း-၅၂)
၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်မိလေသော ရုပ်သံလွှင့်မှူး** (အပိုင်း-၁၂)
၁၄။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်း၌ ရေလွှမ်းမှု ပြည်သူ ၃၉၀၀၀ ခန့် ရွှေ့ပြောင်းနေထိုင်ရ

ကိုတာဘာတို စက်တင်ဘာ ၂၄

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် နှစ်ရက်ကြာ မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလွှမ်းမှုဖြစ်ပွားသဖြင့် ဖိလစ်ပိုင်ပြည်သူ ၃၉၀၀၀ ခန့်တို့ နေရာပြောင်းရွှေ့ နေထိုင်ရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦးက စက်တင်ဘာ ၂၃ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

ပြောကြား

မြေနိမ့်ပိုင်းမြို့ ၁၃ မြို့အပါအဝင် မိမိတို့ပြည်နယ်များမှ ပြည်သူ ၃၉၀၀၀ တို့ ရွှေ့ပြောင်းနေထိုင်ကြရကြောင်း မာဂွင်ဒါနာအိုပြည်နယ်အုပ်ချုပ်ရေးမှူး အစ္စမေးမန်ဂူဒါဒါတူက ဆင်ဟွာသို့ ပြောကြားလိုက်သည်။

သတိပေးထား

မိုးသည်းထန်စွာ ရွာသွန်းပြီး ရီယိုဂရန်ဒီမြစ်ရေလျှံကာ ရေလွှမ်းမှုနှင့် ကြုံတွေ့ရကြောင်း၊ ယခုအချိန်အထိ အသေအပျောက်သတင်းများ ထွက်ပေါ်မလာသေးကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အစ္စမေးမန် ဂူဒါဒါတူက ပြောကြားသည်။ မြေပြိုမှုများ ဖြစ်လာနိုင်ကြောင်း အာဏာပိုင်များက သတိပေးထားသည်။ **(အင်တာနက်)**

မက္ကဆီကိုရဲများ ကိုကင်း ၁၄၃ ကီလိုဂရမ် ဖမ်းဆီးမိ

မက္ကဆီကိုစီးတီး စက်တင်ဘာ ၂၄

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ဂွါတီမာလာနိုင်ငံနယ်စပ်ရှိ ချီယာပတ်စ်ပြည်နယ်၏ နယ်စပ်တစ်လျှောက်တွင် မက္ကဆီကိုရဲတပ်ဖွဲ့ဝင်များက ပုံမှန်ကွင်းဆင်းစစ်ဆေးမှု ပြုလုပ်စဉ် ကိုကင်း ၁၄၃ ကီလိုဂရမ်ကို ဖမ်းဆီးရမိကြောင်း မက္ကဆီကို ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၃ ရက်တွင် ကြေညာသည်။

တွေ့ရှိ

မက္ကဆီကိုရဲတပ်ဖွဲ့ဝင်များက မော်တော်ယာဉ်တစ်စီးပေါ်မှ မူမမှန်သော ကုန်ပစ္စည်းများ စစ်ဆေးတွေ့ရှိပြီး ယာဉ်မောင်းကို ဖမ်းဆီးလိုက်သည်။ အသေးစိတ်စစ်ဆေးကြည့်ရာ၌ မော်တော်ယာဉ်အတွင်းမှ မူးယစ်ဆေးဝါးများကိုတွေ့ရှိခြင်းဖြစ်ကြောင်း **(ဝဲပုံ)** ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

မက္ကဆီကိုနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကိုကင်း ၄ ဒသမ ၆၅ တန်ကို ရဲတပ်ဖွဲ့က ဖမ်းမိခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၄-၉-၂၀၁၁

တင်မောင်လွင် - စုစည်းသည်

ရုရှားနိုင်ငံတွင် မြန်နှုန်းမြင့် တိုက်လေယာဉ်တည်ဆောက်မည်

ရုရှားနိုင်ငံတွင် မြန်နှုန်းမြင့်တိုက်လေယာဉ် တီထွင်ဆောက်လုပ်သွားမည်ဟု ပြည်နယ်နည်းပညာဆိုင်ရာ ပူးပေါင်းရေးအဖွဲ့ ကိုယ်စားလှယ်တစ်ဦးက စက်တင်ဘာ ၂၄ ရက်၌ ပြောကြားသည်။

အဆိုပါတိုက်လေယာဉ်အသစ်ကို ရုရှားနိုင်ငံထုတ် ရဟတ်ယာဉ်များအတိုင်း ဒီဇိုင်းပုံစံရေးဆွဲသွားမည်ဖြစ်ကြောင်း၊ ယင်းတိုက်လေယာဉ်များ၏ အမြန်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ ၄၅၀ မှ ၅၀၀ အထိ ပျံသန်းနိုင်မည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

ယူကရိန်းနိုင်ငံတောင်ပိုင်းတွင် ယာဉ်တိုက်မှုဖြစ်ပွား

ယူကရိန်းနိုင်ငံတောင်ပိုင်းတွင် စက်တင်ဘာ ၂၂ ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ တိုက်မှုဖြစ်ပွားရာ နှစ်ဦးသေဆုံးပြီး အခြားကိုးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ အာဏာပိုင်တစ်ဦးက စက်တင်ဘာ ၂၃ ရက်၌ ပြောကြားသည်။ ဖြစ်ပွားမှုမှာ ချာနီဂေါ့ဗ်ဒေသ ကိုရုကော့ကာမြို့အနီးရှိ အဝေးပြေးလမ်းမပေါ်တွင် စက်တင်ဘာ ၂၂ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်က ခရီးသည်တင်ဘတ်စ်ကား အရှိန်လွန်မောင်းနှင်မှုကြောင့် ကုန်တင်ကားတစ်စီးနှင့်ခေါင်းချင်းဆိုင် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း အရေးပေါ်အခြေအနေဆိုင်ရာ ဝန်ကြီးဌာနက ပြောကြားခဲ့သည်။ ၎င်းယာဉ်တိုက်မှုကြောင့် နှစ်ဦးသေဆုံးပြီး ကိုးဦး ဒဏ်ရာရရှိကာ ငါးဦးမှာ ဒဏ်ရာပြင်းထန်မှုကြောင့် ဆေးရုံသို့ အရေးပေါ်တင်ထားရကြောင်း သိရသည်။ **(အင်တာနက်)**

ပါကစ္စတန်၌ လမ်းဘေးဗုံးခွဲတိုက်ခိုက်၊ ငါးဦးသေဆုံး

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဘာဂျော်လူမျိုးစုများဒေသတွင် စက်တင်ဘာ ၂၂ ရက် နံနက်က ဘတ်စ်ကားနှစ်စီး လမ်းဘေးဗုံးခွဲတိုက်ခိုက်ခံရသဖြင့် အနည်းဆုံးငါးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရသွားကြောင်း စက်တင်ဘာ ၂၃ ရက် အင်တာနက်သတင်းတွင်ဖော်ပြသည်။ စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီ မိနစ် ၂၀ ခန့်က လမ်းဘေးထောင်ထားသည့် ဗုံးနှစ်လုံးကို အမည်မသိ အကြမ်းဖက်သမားများက အဝေးထိန်းကိရိယာဖြင့် ဖောက်ခွဲသဖြင့် ဘတ်စ်ကားနှစ်စီးထိမှန်သွားခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးများနှင့် ကလေးများအပါအဝင် ငါးဦးသေဆုံးခဲ့ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြသည်။ (အင်တာနက်)

တာဝေးပစ်ဒုံးကျည် အိန္ဒိယအောင်မြင်စွာစမ်းသပ်

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ်တွင် မြေပြင်တာဝေးပစ် ဘလက်စတစ်ဒုံးကျည်ကို စက်တင်ဘာ ၂၄ ရက်က အောင်မြင်စွာ စမ်းသပ်ပစ်ခတ်နိုင်ခဲ့ကြောင်း အင်ဒို-အာရှသတင်းဌာနက ဖော်ပြသည်။

အဆိုပါဒုံးကျည်သည် ကီလိုမီတာ ၆၀၀ အကွာအဝေးရှိ ပစ်မှတ်ကို ထိမှန်အောင်ပစ်ခတ်နိုင်ကြောင်း၊ ၎င်းဒုံးကျည်ကို ဩရိဿပြည်နယ် ဘာလာစိုးခရိုင် ချန်ဒီပါကမ်းရိုးတန်း၌ စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီခွဲက ပစ်လွှတ်စမ်းသပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - ရေးသားသည်

တရုတ်၌ ရေနံချက်စက်ရုံ မီးလောင်မှုဖြစ်ပွား တစ်နာရီကျော်ကြာ မီးငြိမ်းသတ်ခဲ့ရ

ရှန်ဟိုင်း စက်တင်ဘာ ၂၄

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် စက်တင်ဘာ ၂၃ ရက်ညက ရေနံချက်စက်ရုံတစ်ရုံ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း တရုတ်အရာရှိများက စက်တင်ဘာ ၂၄ ရက်၌ သတင်းထုတ်ပြန်သည်။

လောင်ကျွမ်း

ဖြစ်ပွားမှုမှာ ရှန်ဟိုင်းမြို့ရှိ ဂါရိုကျီအိုရေနံချက်စက်ရုံ၏ ရေနံသန့်စင်ရေး အစိတ်အပိုင်းမှ ယင်းနေ့ ည ၁၀ နာရီခွဲခန့်က မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ပြောကြားသည်။

ငြိမ်းသတ်နိုင်

ရေနံချက်စက်ရုံ မီးလောင်နေမှုကို မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးစားပြီး မီးငြိမ်းသတ်ခဲ့ရာ စက်တင်ဘာ ၂၃ ရက် ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။ **(ယာပုံ)**

စုံစမ်းစစ်ဆေး

၎င်းရေနံချက်စက်ရုံ မီးလောင်မှုကြောင့် တစ်စုံတစ်ဦးမျှထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ စက်ရုံမီးလောင်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်၌ ရှစ်ဦးသေဆုံး

အစ္စလမ္မာဘတ် စက်တင်ဘာ ၂၄

ပါကစ္စတန်နိုင်ငံ မြောက်ဝါဇီရစ္စတန်ပြည်နယ်တွင် စက်တင်ဘာ ၂၄ ရက်က အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ် **(အောက်ဝဲပုံ)**က ဒုံးကျည်ဖြင့် ပစ်ခတ်မှုကြောင့် ဒေသခံရှစ်ဦးသေဆုံးခဲ့ပြီး ကလေးအချို့ဒဏ်ရာရခဲ့ကြောင်း အူရဒူရုပ်မြင်သံကြားသတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ဖြစ်ပွားမှုမှာ မြောက်ဝါဇီရစ္စတန်ပြည်နယ်၏ အဓိက မြို့ကြီးတစ်မြို့ဖြစ်သော မီရန်ရှိုတ်မြို့ရှိ မီရာအလီအရပ်သို့ ယင်းနေ့ည ၉ နာရီခွဲခန့်က ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။ ၎င်းဒေသသည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်အနောက်မြောက်ပိုင်း နယ်နိမိတ်ထိစပ်ရာ နေရာဖြစ်သည်။

သံသယဖြစ်ဖွယ် အိမ်တစ်လုံးနှင့် အကြမ်းဖက်သမားများဟု ယူဆရသော ကားတစ်စီးကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့် တိုက်ခိုက်မှုများတွင် အကြမ်းဖက်သမားများ၏ ခေါင်းဆောင်ဆိုသူများ သေဆုံးခဲ့ကြောင်း သိရသည်။ ယခု မောင်းသူမဲ့လေယာဉ်မှ ပစ်ခတ်တိုက်ခိုက်မှုသည် ၂၀၁၁ ခုနှစ် အစပိုင်းမှ စတင်ကာ (၅၂)ကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်ပြီး သေဆုံးသူဦးရေမှာ ၄၆၃ ဦး ရှိပြီဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

နာဆာမှ ဆယ်စုနှစ်ကြာ သက်တမ်းလွန်ဂြိုဟ်တု ကမ္ဘာမြေပြင်သို့ကျဆင်း

ဝါရှင်တန် စက်တင်ဘာ ၂၄

နာဆာမှ အသုံးမပြုတော့သည့် သက်တမ်းလွန်ဂြိုဟ်တုတစ်လုံးသည် ကမ္ဘာမြေသို့ စက်တင်ဘာ ၂၄ ရက်က နာဆာ၏ထိန်းချုပ်မှုဖြင့် ကျဆင်းခဲ့ကြောင်း သတင်းထုတ်ပြန်သည်။ ၎င်းဂြိုဟ်တုသည် အလေးချိန် ၆ ဒသမ ၅ တန်ရှိပြီး ကမ္ဘာ့လေထုလွှာ အထက်ပိုင်းသို့ ၁၉၉၁ ခုနှစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

၎င်းအထက်ပိုင်း လေထုအတွင်း အိုဇုန်းများတည်ရှိနေမှုနှင့် အခြားဓာတုဆိုင်ရာ စုဖွဲ့နေမှုများကို ၁၄ နှစ်ကြာမျှ သုတေသနပြုလုပ်ခဲ့သည့် ဂြိုဟ်တုလည်းဖြစ်သည်။

အဆိုပါဂြိုဟ်တုသည် ၂၀၀၅ ခုနှစ်မှစတင်ကာ ကမ္ဘာမြေဆွဲအားကြောင့် တဖြည်းဖြည်း နိမ့်ကျလာခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုသည် အရှည် ၃၅ ပေနှင့် အချင်း ၁၅ ပေရှိကြောင်း နာဆာမှထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

ယင်းဂြိုဟ်တုသည် တောင်အမေရိကတောင်ပိုင်းနှင့် ကနေဒါနိုင်ငံမြောက်ပိုင်း အထက်လေထုလွှာ ကမ္ဘာပတ်လမ်းကြောင်းအတွင်း ရွေ့လျားကာ လေ့လာမှုများပြုလုပ်ခဲ့ပြီး ကမ္ဘာမြေပြင်စခန်းသို့ သတင်းပြန်လည်ပေးပို့မှု ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တု မြေပြင်သို့ပျက်ကျမှုကြောင့် တစ်စုံတစ်ဦးမျှထိခိုက်မှုနှင့် ပျက်စီးမှုမဖြစ်ပေါ်ခဲ့ကြောင်း နာဆာကသတင်းထုတ်ပြန်သည်။ **(ယာပုံ)** **(အင်တာနက်)**

သမဝါယမအသင်းသားများအား မိုးရာသီစိုက်ပျိုးစရိတ်ပေးအပ်ပွဲ ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာ၌ ကျင်းပ

နေပြည်တော် စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အစီအစဉ်အရ သမဝါယမအသင်းသား လယ်သမားများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် မိုးပြဲကျေးရွာ၌ ကျင်းပသည်။

တိုက်တွန်းမှာကြား

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က နိုင်ငံတော်၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်း ပပျောက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပေါင်းစည်းလယ်ယာ (Integrated Farming) စိုက်ပျိုးရေးစနစ်၊ သမဝါယမ အခြေခံမူတစ်ခုဖြစ်သည့် One For All , All For One ဆောင်ပုဒ်အတိုင်း အပြန်အလှန် တာဝန်ယူဆောင်ရွက်စနစ် ထွန်းကားရေးတို့နှင့်စပ်လျဉ်း၍ တိုက်တွန်းမှာကြားသည်။

ယင်းအခမ်းအနားတွင် အသင်းသား လယ်သမားများအား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် လယ်သမား ၄၉၀၊ လယ် ၁၉၈၈ ဧကအတွက် ချေးငွေကျပ် ၉၉၄ သိန်း ထုတ်ချေးပေးခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အားပေးကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

စီမံ/စီးပွား ဒုတိယဝန်ကြီးဒေါက်တာကံဇော် စာတမ်းဖတ်ပွဲတက်ရောက်အမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၄

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် အင်ဒိုနီးရှားနိုင်ငံ အခြေစိုက် ERIA အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန ERIA (အီရီယာ)တို့ ပူးတွဲ၍ ERIA CLMV SEMINAR IN FY 2011 ON THE ISSUES AND PROSPECTS IN POST-AEC ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၃ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည်။

ယင်းအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ အကြီးတန်းစီးပွားရေး ပညာရှင် Mr. Jayant Menon၊ အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန အကြီးတန်းသုတေသီ Mr.Ponciano S.Intal,Jr၊ International,Development Economic မှ သုတေသီတွဲဖက်ပါမောက္ခ Mr. Koji Kubo၊ ဗန်ကောက် သုတေသီ ဗဟိုဌာနနှင့် ဂျပန်ပြည်ပ ကုန်သွယ်ရေးအဖွဲ့ ဥက္ကဋ္ဌ Mr. Mitsuhiro Kagami၊ Teikyo University မှ ပါမောက္ခ Mr. Mitsuhiro Kagami၊ ဝန်ကြီးဌာန/ ဦးစီးဌာနများ၊ ဆွေးနွေးပွဲပညာရှင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြည်တွင်းပြည်ပ စာတမ်းရှင်ခုနစ်ဦးက ၂၀၁၅ ခုနှစ်တွင် ဖြစ်ပေါ်လာမည့် အာဆီယံအသိုက်အဝန်း (AEC)နှင့် အာဆီယံလွတ်လပ်သော ကုန်သွယ်ရေးဒေသ (AFTA) ထူထောင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် ဆောင်ရွက်နေသည့် လုပ်ငန်းများ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစီးပွားရေးပေါင်းစည်းမှုများ၊ ဘဏ္ဍာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများနှင့်အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးတို့နှင့် စပ်လျဉ်းသည်များကို အာရှနိုင်ငံများ၊ ဂျီအမ်အက်စ်နိုင်ငံများ ၊အာဆီယံနိုင်ငံများ နှင့် မြန်မာနိုင်ငံတို့၏ အတွေ့အကြုံများနှင့် အလားအလာများအပေါ် အခြေခံ၍ လေ့လာသုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

တက်ရောက်

ယခုကျင်းပသော ဆွေးနွေးပွဲကို ၂၀၀၈ ခုနှစ်မှ စတင်ကျင်းပခဲ့ပြီး ယခုအကြိမ်အထိ (၅)ကြိမ်မြောက် ကျင်းပပြီးဖြစ်သည်။ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားမှု အထောက်အကူပြု ဆွေးနွေးပွဲသို့ တက်ရောက်ပြီးသူ စုစုပေါင်း ၄၀၀ ကျော် ရှိပြီဖြစ်ကြောင်းနှင့် ယခုဆွေးနွေးပွဲသို့ စုစုပေါင်း ၁၅၀ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာကံဇော် ERIA CLMV SEMINAR IN FY 2011 ON THE ISSUES AND PROSPECTS IN POST-AEC ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပညာသင်ထောက်ပံ့ကြေး ပခုက္ကူ၌ပေးအပ်

ပခုက္ကူ စက်တင်ဘာ ၂၄

ပခုက္ကူစက်မှုဇုန်ရှိ အမှတ် (၁၈၇) အခြေခံပညာမူလတန်းကျောင်း ကျောင်းသား ကျောင်းသူများအတွက် ရိုးမရာဇာ မော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးလုပ်ငန်းမှ ပညာသင် ထောက်ပံ့ကြေးပေးအပ်ပွဲကို စက်တင်ဘာ ၁၅ ရက်က စက်ရုံခန်းမ၌ ကျင်းပရာ စက်ရုံမန်နေဂျာ ဦးကျော်ဇင်ထွန်းက ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ပြီး ဗလာစာအုပ် ၁၅၇ ဒါဇင်၊ ဘလက်ဘုတ် ငါးချပ်နှင့် စာသင်ခုံ ၁၄ ခုံတို့ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူစင်က လက်ခံယူခဲ့ကြောင်းသိရသည်။ **(အောက်ပုံ)** **(ပညာရေး)**

ကျွန်းပင်၊ ချယ်ရီပင်၊ လက်ဖက်ပင်များဖြင့် အလှတိုးလာမည့် ချင်းတောင်တန်း

သတင်းမှတ်စု
ကိုကြီးသာ

နိုင်ငံတော်က ပုဂ္ဂလိကသစ်တော စိုက်ခင်းများ ဖြစ်ထွန်းရေးအတွက် အဘက်ဘက်က အားပေးပံ့ပိုးလျက် ရှိသည်။

ချင်းပြည်နယ်သို့ရောက်ခိုက် ချင်းတောင်တန်းအား ကျွန်းပင်၊ ချယ်ရီပင်၊ လက်ဖက်ပင်များဖြင့် ပိုမိုလှပတင့်တယ်စေရန် ဆောင်ရွက်နေမှုများကို သိရှိခွင့်ရခဲ့သည်။ ကလေးမြို့မှ ချင်းတောင်တန်းသို့ တက်သည်နှင့် ချယ်ရီပင်များဖြင့် လှပစေရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေအရ ကျွန်းပင်များကို ပြောင်းလဲ စိုက်ပျိုးခဲ့ရသည်ဟု သိရသည်။

ချင်းပြည်နယ်၏ သဘာဝပတ်ဝန်းကျင်များ ယိုယွင်းပျက်စီးမှုမရှိအောင် ထိန်းသိမ်းရေး၊ သဘာဝခရီးသွားလာရေး ဒေသကြီးဖြစ်ရေးနှင့် ချင်းပြည်နယ်မှ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေရေးတို့မှာ သူ၏ ရည်ရွယ်ချက်များ ဖြစ်ကြောင်း သိရသည်။

မိတ်ဆက်

ကျွန်မက ချင်းတိုင်းရင်းသူတစ်ဦးပါဟု မိတ်ဆက်ရှင်းပြသည့် i Love Myanmar တည်ထောင်သူ ဒေါ်လီဗီ ဆပ်နိုင်ထန်းအား ချင်းတောင်တန်းအား အလှဆင်လိုသည့် ရည်ရွယ်ချက်များကို မေးမြန်းခွင့်ရခဲ့သည်။ ဒေါ်လီဗီဆပ်နိုင်ထန်းက "ကျွန်မက ချင်းတိုင်းရင်းသူတစ်ဦး ဖြစ်နေတာကြောင့် ချင်းတောင်တန်းကြီးကို အမြဲသာယာလှပစေချင်တယ်၊ ဒါကြောင့် ချင်းတောင်တန်းကြီး လှပစေဖို့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ ဒေသခံပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေဖို့ ရည်ရွယ်ပြီး ကျွန်း၊ ချယ်ရီနဲ့ လက်ဖက်တွေကို စိုက်ပျိုးဖြစ်ပါတယ်။ ကလေးမြို့ကနေ ချင်းတောင်တန်းကို စတက်တာနဲ့ ချယ်ရီတွေနဲ့လှနေစေချင်လို့ တောင်ပေါ်တက်တက်ချင်းနေရာမှာ ချယ်ရီစိုက်ဖို့ စဉ်းစားထားပါတယ်၊ ဒါပေမယ့် ရာသီဥတု အခြေအနေအရ ချယ်ရီပင်တွေက အဲဒီနေရာမှာ မဖြစ်ထွန်းနိုင်တဲ့အတွက် ကျွန်းပင်တွေကို စိုက်လိုက်တယ်၊ နိုင်ငံတော်ကလည်း ကျွန်းစိုက်တာကို အားပေးနေတဲ့အတွက်လည်း စိုက်ဖြစ်သွားတာပါ၊ ချယ်ရီတွေကိုတော့ သာယာလှပပြီး ရာသီဥတုကလည်း တစ်နှစ်ပတ်လုံး အေးမြစွတ်စိုနေတဲ့ တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာအနီးမှာ စိုက်ပျိုးထားတယ်၊ ချယ်ရီတွေပွင့်ရင်တော့ အဲဒီတောင်ကြောတစ်ခုလုံးက ချယ်ရီတောကြီး ဖြစ်သွားမယ်၊ ခရီးသွားတွေလည်း အလွန်သဘောကျမယ်လို့ထင်တယ်၊ ဒါကြောင့် ခရီးသွားတွေများများလာကြရင် ဒေသခံတွေလည်း စီးပွားရေးတွေလုပ်နိုင်ကြပါမယ်။

လက်ဖက်ကတော့ နိုင်ငံတော်က ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရမယ်လို့ ပြောထားလို့ စိုက်ပျိုးဖြစ်တာပါ။ သစ်မာမျိုးစုံကိုလည်း ကျွန်းစိုက်ခင်းနဲ့ မလှမ်းမကမ်းမှာပဲ စိုက်ဖို့ စီစဉ်နေပါတယ်။ ချင်းတောင်မှာ သစ်မာအမျိုးအစားပေါင်းစုံ စိုက်ပျိုးအောင်မြင်နိုင်ပါတယ်ဆိုတာ သိစေချင်တယ်၊ ဒေသခံတွေအနေနဲ့လည်း သဘာဝပတ်ဝန်းကျင် မပျက်စီးရအောင် တောတွေတောင်တွေကို မခုတ်စေချင်ဘူး၊ သစ်ပင်တွေခုတ်တဲ့အတွက် သာယာလှပနေတဲ့ ဒီချင်းတောင်တန်းမှာ ချောင်းတွေ မြောင်းတွေလည်း ရေခန်းကုန်တယ်၊ ဒါကြောင့် ဒေသခံပြည်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြပါ" လို့ ပြောပြပါတယ်။

i Love Myanmar မှ ချင်းပြည်နယ် တီးတိန်မြို့နယ်တွင် ကျွန်းဧက ၃၀၀၊ သိုင်းငင်းကျေးရွာအနီးတွင် ချယ်ရီ ဧက ၃၀၀၊ ဟိန်ဇိန်ကျေးရွာတွင် လက်ဖက်ဧက ၅၀ တို့ကို စိုက်ပျိုးထားကြောင်း သိရသည်။ ။

စိုက်ပျိုးအောင်မြင်လျက်ရှိသော ကျွန်းပင်များကို တွေ့ရစဉ်။

ရုပ်ရှင်နယ်မြေက ရင်ခုန်သံများ

သတင်းမှတ်စုနှင့်ဓာတ်ပုံ ဦးအောင်စိုးဦး

ရန်ကုန် စက်တင်ဘာ ၂၄

"မြို့ပြ ယဉ်ကျေးမှုအလယ်က ဂန္ထဝင်စံအိမ် . . ."။

မဟာရန်ကုန်၏ မြင်ကွင်းသည် အဆန်းတကြယ် ဖြစ်လွန်းသည်။ ကျွန်တော်ချစ်သော မဟာရန်ကုန်ကို နီးနီးကလည်း ကြည့်ဖူးသည်။ ဝေးဝေးကလည်း ကြည့်ဖူးသည်။ တံတားတူးမြောင်းမှ ရန်ကုန်မြစ်ထဲကို သင်္ဘောနှင့်လာရင်း ရွှေတိဂုံကို ဖူးဖူးသည်။ ရန်ကုန်ဘူတာကြီးသို့ မဝင်မီ ရထားစီးလာရင်း ရွှေတိဂုံကို ဖူးဖူးသည်။ လေယာဉ်ပေါ်မှနေ၍လည်း ရွှေတိဂုံကို ဖူးဖူးသည်။ မည်သည့်နေရာက ကြည့်ကြည့် ရွှေတိဂုံနှင့်အတူ ကျက်သရေရှိလှသည်က ကျွန်တော်တို့ရဲ့ မဟာရန်ကုန်။

ပြည့်နှက်နေ

မဟာရန်ကုန်၏ ယခင်မြင်ကွင်းများက ကျေးလက်ဆန်သည်။ လမ်းတွေကပေါင်း၊ အိမ်တွေကအို၊ သစ်ပင် ဝါးပင်တွေက ရှုပ်ရှုပ်ထွေးထွေး ကျေးလက်လိုလှခဲ့သော မဟာရန်ကုန်။ ယခုဆယ်စုနှစ်မှာတော့ မဟာရန်ကုန်သည် မိုးထိတိုက်ကြီးများ ပြည့်နှက်နေသည်။ အိမ်ခေါင်မိုးတိုင်း၌ ရုပ်သံဖမ်းစက်စလောင်းများ ပန်းရိုင်းတွေ တစ်ခေါင်းလုံး ပန်ထားသလို ရှိသည်။ ငါးရိုးများနှယ် အင်တင်နာ ကွန်ရက်တွေကလည်း အပြိုင်းပြိုင်းထနေသည်။ ရပ်ကွက်တိုင်း လမ်းတိုင်း၌ အင်တာနက်ကဖေးတွေ အစီအရီ၊ လက်ကိုင်ဖုန်းသံတွေက တညံညံ။ မဟာရန်ကုန်သည် ယခုတော့ မြို့ပြဆန်လွန်းနေသည့် ပူလောင်သောအလှနှင့် မဟာရန်ကုန်။ မြို့ပြယဉ်ကျေးမှုနှင့် မဟာရန်ကုန် . . .။

ပူပူလောင်လောင် လှလွန်းလာသော ကျွန်တော်တို့ မဟာရန်ကုန်မှာ သစ်ရိပ်ဝါးရိပ် ရှားပါးလာသည်။ စိမ်းစိုလန်းဆန်းမှု လျော့ပါးလာသည်။ တိုက်တာ အဆောက်အအုံတွေက ခေတ်မီဆန်းပြားလွန်း၍ ရှေးခေတ်လက်ရာတွေ တစ်စတစ်စ ပျောက်ကွယ်လာသည်။ ဤသို့သော မဟာရန်ကုန်၏ မြို့ပြယဉ်ကျေးမှု အလယ်က စိမ်းစိုသောအပင်များ ဝိုင်းရံနေသည့် 'ဂန္ထဝင်စံအိမ်'ကြီး တည်ရှိနေကြောင်း ကျွန်တော် သတိပြုမိသော အခါ . . . ရင်မှာ အတိုင်းမသိ ကြည်နူး ဂုဏ်ယူမိသည်။ **(ယာပုံ)**

လျှောက်လှမ်း

ထိုဂန္ထဝင်စံအိမ်ကြီးကား နှစ်ဧကကျော်ကျော် ခြံဝင်းကျယ်ကြီးအလယ်၌ ကန့်ကန့်ကြီးစွာ ရပ်တည်နေ၏။ ဂန္ထဝင်စံအိမ်ကြီးသို့ အဝင်လမ်းတွင် သစ်ရွက်ခြောက်ကြွေများကို နင်းဖြတ်လျှောက်လှမ်းရသည်။ ပိတောက်ပွင့်ချိန်ဆို ပိတောက်ပွင့် ဝါဝါတွေက ပင်လုံးကျွတ် ဝါထိန်အောင်ပွင့်သော ပိတောက်ပင်ကြီးပေါ်မှာ သာမက မြေပေါ်မှာပါ ပိတောက်တွေ ထိန်ထိန် ဖြာနေသည်။

ကံ့ကော်ပွင့်ချိန် ဆိုလျှင်လည်း ဂန္ထဝင်စံအိမ်ကြီးသည် ကံ့ကော်ရနံ့တွေနှင့် သင်းထုံနေသည်။

ဂန္ထဝင်စံအိမ်ကြီးက နှစ်ပေါင်း ၁၀၀ ဝန်းကျင်ရှိ ဟောင်းလှသည့် နှစ်ထပ်စံအိမ်ကြီး ဖြစ်သော်လည်း မြေညီထပ်မှာ အုတ်ခံအဆောက်အအုံ ဖြစ်ပြီး အပေါ်ထပ်မှာ သစ်သားကိုယ်ထည်ဖြစ်သည်။ ရှေးဆန်ဆန် ဆင်ဝင်နှင့်။ ဂန္ထဝင်စံအိမ် အပေါ်ထပ် ပတ်ပတ်လည်တွင် ခိုအိမ်ငယ်လေးများရှိသည်။ ခိုဖြူခိုပြာ ခိုဝါနက်တို့၏ ညည်းညူသံ၊ မြည်တွန်သံ၊ ဝဲပျံဟန်တို့ကား ရှားပါးသောမြင်ကွင်းများဖြစ်သည်။

ဤဂန္ထဝင်စံအိမ်ကြီးဝယ် ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်၏ ရုပ်တု၊ ဓာတ်ပုံပညာရှင်ကြီး ဦးမောင်မောင်၏ ရုပ်တု၊ ပထမဆုံး ရုပ်ရှင်မင်းသား ဦးညီပု၏ ရုပ်တုများကို တွေ့ရသည်။ ဒါတင်မက သေး . . . ရုပ်ရှင်မင်းသား အကယ်ဒမီဝင်းဦး၏ ရုပ်တု၊ စာရေးဆရာကြီး ရုပ်ရှင်ဒါရိုက်တာ ဦးသာဓု၏ ရုပ်တု၊ အကယ်ဒမီများရှင် ဒါရိုက်တာကြီး ဦးသုခ၏ ရုပ်တုများကိုလည်း မြင်တွေ့နိုင်သည်။

ရုပ်ရှင်ဖခင်ကြီး လန်ဒန်အတ်ဦးအုန်းမောင်၊ ဓာတ်ပုံပညာရှင်ကြီး ဦးမောင်မောင်နှင့် ပထမဆုံး ရုပ်ရှင်မင်းသား ဦးညီပုတို့၏ ရုပ်တုများကို ဂန္ထဝင်စံအိမ်၏ အဝင်ဝတွင် တွေ့ရစဉ်။

တအံ့တသြ

မြန်မာ့ရုပ်ရှင်ကို ၁၉၂၀ ခုနှစ်က စတင်မွေးဖွားခဲ့သည်။ မြန်မာ့ပထမဆုံးရုပ်ရှင်ဇာတ်ကားမှာ **မေတ္တာနှင့်သူရာ** ဇာတ်ကား ဖြစ်သည်။ ဤဂန္ထဝင်စံအိမ်ကြီးဝယ် မေတ္တာနှင့်သူရာဇာတ်ကား ကြော်ငြာကိုလည်း တွေ့ရသည်။ ရှားပါးဓာတ်ပုံများ၊ ရှားပါးမြင်ကွင်းများကို တအံ့တသြ တွေ့ရသည်။ မီးပုံးပျံဦးကျော်ရင် မီးပုံးပျံစီးနေစဉ် သက်စွန့်ဆံဖျားခိုနင်းလိုက်ပါသွားသော မင်းသားချစ်ရွှေကြီး၏ မြင်ကွင်းက သည်းထိတ်ရင်ဖိုဖွယ် . . .။

အလှဆင်ထား

မြန်မာ့ရုပ်ရှင်၏ ငွေရတုခေတ်၊ ရွှေရတုခေတ်၊ စိန်ရတုခေတ်၊ ယနေ့ခေတ်အထိ မြင်ကွင်းအစုံစုံကို မှတ်တမ်းမှတ်ရာအဖုံဖုံနှင့် ပြသထားသည်။ ဤဂန္ထဝင်စံအိမ်ကြီးဝယ် မင်းသားကြီး ဦးညီပုလည်းရှိသည်။ မင်းသားကြီး ဘတင့်၊ ဘမြင့်၊ ဖာတစ်လုံးခင်မောင်၊ အေဝမ်း ဦးတင်မောင်၊ ကျော်ဖေ၊ ကျော်ဆွေ၊ ရွှေဘ၊ ဇေယျ တို့မှ ဝင်းဦး၊ ကောလိပ်ဂျင်နေဝင်း၊ မြတ်လေး၊ ညွန့်ဝင်း၊ ကျော်ဟိန်း၊ ရန်အောင်၊ ရဲအောင်တို့ အားလုံးလည်း ရှိသည်။ မင်းသမီးကြီး ခင်ခင်နု၊ အေဝမ်းက မေသန်း၊ မေရှင်၊ မေသစ်၊ ကြည်ကြည်ဌေး၊ ခင်လေးဆွေ၊ ဝါဝါဝင်းရွှေ၊ ခင်သန်းနု၊ ခင်ယုမေ၊ ခင်သီတာထွန်း၊ နွဲ့နွဲ့မူ၊ ချိုပြုံး၊ စိုးမြတ်သူဇာ၊ မေသန်းနုတို့လည်း ရှိသည်။ ခေတ်အဆက်ဆက် မင်းသားမင်းသမီးအားလုံး ဤဂန္ထဝင်စံအိမ်ကြီးထဲဝယ် ရှိနေကြသည်။ ခေတ်အဆက်ဆက် ရုပ်ရှင်ဒါရိုက်တာကြီးများ၊ ရုပ်ရှင်စက်မှုပညာရှင်ကြီးများ၊ ရုပ်ရှင်အနုပညာအတတ်ပညာရှင်ကြီးများ၏ စွမ်းအားပုံရိပ်များနှင့် အလှဆင်ထားသော ဤဂန္ထဝင်စံအိမ်ကြီးသည် မြန်မာ့ရုပ်ရှင်၏ တစ်ခုတည်းသော 'မြန်မာ့ရုပ်ရှင်သမိုင်း' ပြတိုက်ကြီးပင် ဖြစ်သည်။

ကျွန်တော်တို့၏ မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကြီးသည် ဂန္ထဝင်စံအိမ်ကြီးပီပီ အနှစ်သာရ ပြည့်ဝလှသည်။ တန်ဖိုးအနန္တ ထိုက်လှသည်။ သို့သော် အဆောက်အအုံကား . . . အိုလှပြီ။ ဟောင်းလှပြီ။ ပန်းလှပြီ။ နွမ်းလှပြီ။ ပြိုလုလု . . . ယိုင်နဲ့နဲ့ . . .။

စင်စစ် မြန်မာ့ရုပ်ရှင်သည် ရုပ်ရှင်လောက တစ်ခုတည်းနှင့်သာ သက်ဆိုင်သည် မဟုတ်ပါ။ အမျိုးသား တစ်ရပ်လုံးနှင့်ဆိုင်သည့် အမျိုးသားကိစ္စဖြစ်ပါသည်။ ရုပ်ရှင်ချစ် ပြည်သူများနှင့်လည်း ဆိုင်သည်။ ဤဂန္ထဝင်စံအိမ်ကြီးကို ပြုပြင်မွမ်းမံရာ၌ ငွေကြေး သိန်းပေါင်းထောင်နှင့် ချီ၍ သုံးရပါမည်။ ဂန္ထဝင်ရှေးမူမပျက်လည်း ပြုပြင်မွမ်းမံရန် နည်းပညာများလိုပါသည်။ ခေတ်မီသော ရုပ်ရှင်ပြတိုက်တစ်ခု၏ အင်္ဂါရပ်နှင့်အညီ ရုပ်ရှင်အငွေ့အသက်များ လွှမ်းခြုံဖို့လည်း လိုပါသည်။

မော်ကွန်းတင်

မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကြီး ခေတ်မီခမ်းနားထည်ဝါစွာ ပေါ်ထွန်းလာစေရန် ရုပ်ရှင်ချစ်သူအပေါင်းက ငွေအား၊ လူအား၊ ပညာအားဖြင့် အကြံပြု ပါဝင်ပူးပေါင်း ဆောင်ရွက်ပေးမည်ဆိုပါက သမိုင်းအစဉ်အလာကြီးမားသည့် မြန်မာ့ရုပ်ရှင်ကို မော်ကွန်းတင်နိုင်မည်ဟု ယုံကြည်မိသည်။ သို့ပါ၍ မဟာရန်ကုန်၏ မြို့ပြယဉ်ကျေးမှုအလယ်က ဤဂန္ထဝင်စံအိမ် မြန်မာ့ရုပ်ရှင်သမိုင်းပြတိုက်ကြီးရှိရာ အမှတ် ၁၆ ဝက်ပါလမ်း ဗဟန်းမြို့နယ်လို့ တစ်ခါတစ်ခေါက် လာရောက်လေ့လာကြရန် ရုပ်ရှင်ချစ်သူများအား ဖိတ်ခေါ်အပ်ပါသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး မထသ (ဗဟို)၏ သတင်းမှတ်စုများ

စုစည်းတင်ပြသူ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းကြီးကြပ်မှု ဗဟိုကော်မတီအနေဖြင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် နေ့စဉ်ပုံမှန်ဆောင်ရွက်မှုများအပြင် လျှပ်တစ်ပြက်စစ်ဆေးခြင်း အထူးစီမံ ဆောင်ရွက်ချက်များဖြင့် ဆောင်ရွက်လျက်ရှိသည်။

ဖျက်သိမ်းရမည့်ကြော်ငြာ

မော်တော်ယာဉ်များတွင် ကြော်ငြာထားသည့် အရက်ကြော်ငြာများကို စက်တင်ဘာ ၄ ရက် နောက်ဆုံးထားဖျက်သိမ်းရန် မထသ (ဗဟို)က အသိပေးထားပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၀ ရက်က ဗဟိုမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးရာ အရက်ကြော်ငြာကပ်ထားသည့် ခရီးသည်တင်ယာဉ်များကို တွေ့ရှိနေသေးသည့်အတွက် အရေးယူဆောင်ရွက်သွားရန် စီစဉ်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မထသ (ဗဟို) အတွင်းရေးမှူးက မီဒီယာများနှင့် တွေ့ဆုံပွဲတွင် ပြောကြားသွားခဲ့သည်။

ယာဉ်ကြီး ယာဉ်ငယ်များအကြား သက်စွန့်ဆံဖျား လမ်းကူးနေကြသော ခရီးသွားပြည်သူအချို့ကို ဤသို့ တွေ့ရသည်။

စစ်ဆေးတွေ့ရှိ

ထိုနေ့ စစ်ဆေးချက်အရ ယာဉ်လိုင်းအများစုမှာ သတ်မှတ်မှတ်တိုင်တွင် မရပ်ခြင်း၊ ယာဉ်မောင်း၊ ယာဉ်နောက်လိုက်များ သတ်မှတ်ဝတ်စုံမဝတ်ခြင်း၊ စာရွက်စာတမ်း မပြည့်စုံခြင်းတို့ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

အပတ်စဉ် စနေနေ့တိုင်း စစ်ဆေးမှုအရ စည်းကမ်းနှင့်မညီညွတ်သော ယာဉ်အမှုပေါင်းတစ်ပတ်လျှင်ပျမ်းမျှ ၅၀ကျော်ရှိနေကြောင်းကိုလည်း မထသ (ဗဟို)မှ တာဝန်ရှိသူတစ်ဦးက အသိပေးပြောကြားခဲ့သည်။

ယာဉ်တိုက်ခိုက်မှု

မထသ(ဗဟို)စီမံမှုအောက်ရှိ ယာဉ်လိုင်းများ၏ ၂၀၁၁ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာ ၁၉ရက်အထိ ယာဉ်တိုက်မှုပေါင်း ၂၅၆မှုရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရသူ ၈၃၉ ဦးနှင့် သေဆုံးသူ ၇၆ဦးရှိခဲ့ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အားနည်း၍ ဖြစ်ကြောင်း စက်တင်ဘာ ၂၁ရက်က ပြုလုပ်သော သတင်းမီဒီယာများနှင့် တွေ့ဆုံပွဲတွင် တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ရှေးဦးပြုစုခြင်းသင်တန်း

ယာဉ်မောင်းအများစုမှာ အသိပညာနည်းပါးသည့်အတွက် ယာဉ်တိုက်ခိုက်မှုဖြစ်ပွားခဲ့လျှင် ယာဉ်မောင်း ၉၀ရာခိုင်နှုန်းက ထွက်ပြေးတိမ်းရှောင်လျက်ရှိနေကြောင်း၊ ထို့အတွက် ယာဉ်တိုက်မှုဖြစ်ပွားပါက အချိန်မီပြုစုကုသနိုင်ရေး အသိပညာပေးတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် ပူးပေါင်း၍ First Aid သင်တန်းကို အပတ်စဉ်တစ်ခုလျှင် ယာဉ်မောင်း၊ ယာဉ်နောက်လိုက်၊ဝန်ထမ်း ၁၀၀စီ ဖြင့် စက်တင်ဘာ ၂၆ရက်မှ စ၍ သုံးရက်သင်တန်း တစ်လလျှင်နှစ်ကြိမ် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း ကြားသိခဲ့ရသည်။

ဒရိုင်ဘာဂျာနယ်

ယာဉ်မောင်း၊ ယာဉ်နောက်လိုက်နှင့် ခရီးသွားပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုအသိရှိလာပြီး ယာဉ်အန္တရာယ်ကင်းဝေးနိုင်ရေးအတွက် မထသ (ဗဟို)က ဒရိုင်ဘာဂျာနယ်ကို မကြာမီထုတ်ဝေတော့မည်ဖြစ်ရာ မည်သူမဆို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ပတ်သက်သော သတင်းဆောင်းပါး၊ ကဗျာ၊ ကာတွန်းများကို ရေးသားပေးပို့ရန် တောင်းခံထားကြောင်း ယခုလ မထသ(ဗဟို)၏ သတင်းမှတ်စုများအဖြစ် စုစည်းဖော်ပြလိုက်ရပါသည်။

ယာဉ်အို၊ ယာဉ်ဟောင်းလဲလှယ်ရေး

သုံးဘီးယာဉ်များ မျှော်လင့်နေ



မောင်ချစ်ကြည်

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံတစ်ဝန်းလမ်းများပေါ်တွင် မောင်းနှင်နေသော ယာဉ်အို၊ ယာဉ်ဟောင်းများကို နိုင်ငံတော်က ယာဉ်လဲလှယ်ခွင့်ပါမစ်များ ထုတ်ပေးနေရာ မိမိတို့ယာဉ်များကိုလည်း ထည့်သွင်းစဉ်းစားပေးရန် မျှော်လင့်နေကြောင်း မော်လမြိုင်မှ သုံးဘီးယာဉ်ပိုင်ရှင်များက ပြောကြားလျက်ရှိပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းတွင် သုံးဘီးယာဉ်များမှာ အစီးရေပေါင်း ၁၀၀၀ ခန့်ရှိနေပြီး ၎င်းယာဉ်များကို ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ၁၉၅၃ ခုနှစ်က တင်သွင်းခဲ့သော သက်တမ်းရင့်ယာဉ်ဟောင်းများ ဖြစ်ပါတယ်။ **(အပေါ်ပုံ)**

ပါဝင်သင့်

သုံးဘီးယာဉ်များမှာ ဂျပန်နိုင်ငံမာဇဒါကားကုမ္ပဏီမှ ထုတ်လုပ်ထားသော လူစီးယာဉ်များဖြစ်ပြီး အင်ဂျင်ပါဝါ ၈၅၀ မြင်းကောင်ရေရှိသော ယာဉ်များဖြစ်ပါတယ်။ ယာဉ်နောက်တွင် လူလေးဦးနှင့်ယာဉ်ခေါင်းခန်းတွင် တစ်ဦးလိုက်ပါစီးနိုင်သည့် ငါးဦးစီး လူစီးယာဉ်များအဖြစ် မြန်မာနိုင်ငံတွင် အသုံးပြုခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ အုံနာဘုတ်၊ ဝှီးတက်၊ ယာဉ်လိုင်စင်၊ နိုင်ငံတော်အစိုးရက သတ်မှတ်ထားတဲ့ နှစ်စဉ်အခွန်တွေပေးဆောင်နေတာပါ။ တရားဝင်လူစီးယာဉ်အဖြစ် သတ်မှတ်ထားတဲ့ မော်တော်ယာဉ်ဖြစ်ပါတယ်။ အခုလို နှစ် ၂၀ ၊ နှစ် ၃၀၊ နှစ် ၄၀ အထက် ယာဉ်အို၊ ယာဉ်ဟောင်းတွေကို ဖယ်ရှားလဲလှယ်ခွင့်ပြုတဲ့ယာဉ်တွေထဲမှာ သုံးဘီးယာဉ်တွေ ပါဝင်သင့်ပါတယ်လို့ ဆိုနေကြပါတယ်။

မျှော်လင့်နေ

သုံးဘီးယာဉ်များကို "ဟ" အက္ခရာဖြင့် သတ်မှတ်ပေးခဲ့သော်လည်း ယခုအခါ ယာဉ်အို၊ ယာဉ်ဟောင်းလဲလှယ်ပေးရေးတွင် ပါဝင်ခြင်းမရှိသဖြင့် နစ်နာဆုံးရှုံးမှုဖြစ်ရကြောင်း၊ ယာဉ်သက်တမ်း နှစ် ၄၀ ကျော်နေပြီဖြစ်တဲ့ သုံးဘီးယာဉ်များကို သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်နေတဲ့ ယာဉ်အို၊ ယာဉ်ဟောင်းများ လဲလှယ်ရေးမှာ ထည့်သွင်းစဉ်းစားပေးဖို့ မျှော်လင့်နေပါတယ်လို့ ဆိုပါတယ်။ **(မြန်မာ့အလင်း)**

ပုသိမ်ခရိုင်တရားရုံး ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်

နေပြည်တော် စက်တင်ဘာ ၂၄

ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် စက်တင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ရှိ ပုသိမ်ခရိုင်တရားရုံးအဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနဝန်ကြီးတို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

မှာကြား

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ တရားမ မူလအမှု စီရင်ပိုင်ခွင့်အာဏာများကို ခရိုင်/မြို့နယ်တရားရုံးများသို့ တိုးမြှင့်အပ်နှင်းခဲ့သည့်အတွက် ရုံးအဆောက်အအုံ အသွင်သဏ္ဌာန်၊ အနှစ်သာရရှိရန်လိုအပ်ကြောင်း၊ ထိုသို့လိုအပ်ချက်နှင့်အညီ ယခုအခါရုံးသစ် ဖွင့်လှစ်ပြီးဖြစ်သဖြင့် တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းများအနေဖြင့် စိတ်သစ်လူသစ်ဖြင့် လုပ်ငန်းတာဝန်များကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ကြရန်နှင့် တရားစီရင်ရာ၌ မြန်မြန်ဆန်ဆန်၊ မှန်မှန်ကန်ကန် စိစစ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ကျင်းပသည့် ပုသိမ်ခရိုင်ဥပဒေရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြပြီး ရုံးအဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး သဃ်န်းကျွန်းမြို့နယ်၌ အသိပညာပေး

ရန်ကုန် စက်တင်ဘာ ၂၄

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး မြေစိုက်ပိုစတာ စိုက်ထူခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်လမ်းနှင့် ဝေဇယန္တာလမ်းဆုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

မြေစိုက်ပိုစတာကို ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွန်းနှင့် ဝန်ထမ်းများက စိုက်ထူပေးကြပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။ ထို့အတူ လေးထောင့်ကန်လမ်းနှင့် သံသုမာလမ်းထောင့် စံပြဈေးရှေ့လေးထောင့်ကန်လမ်း၊ ဇမ္ဗူထိပ်လမ်းထောင့်နှင့် သုဝဏ္ဏကမာကြည်လမ်းနှင့် သံသုမာလမ်းဆုံ လေးနေရာတို့၌ မြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(ဝ၂၅)**



ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁၅)တော်ဝင်ဆေးတိုက်နေ ဦးစွန်တိတ်-ဒေါ်လွှမ်းမိသားစုက အမေဒေါ်လွှမ်း(၇၆) နှစ်ပြည့် မွေးနေ့အတွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ်သို့ ငွေကျပ် ၁၅ သိန်းတန် ရေသန့်စက်နှင့် ဗလာစာအုပ် ဒါဇင် ၂၂၈ ဒါဇင်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်လီအေးထံ ပေးအပ်လှူဒါန်းစဉ်။ (ပညာရေး)

ဖောင်တော်ဦးရုပ်ပွားတော်များ ဒေသစာရီကြွချီမည်

တောင်ကြီး စက်တင်ဘာ ၂၄

ရှမ်းပြည်နယ် တောင်ကြီးခရိုင်ရှိ အဓိကရ ဘုရားပွဲသုံးခုအနက် ညောင်ရွှေမြို့နယ် အင်းလေးဒေသ နန့်ဟူးကျေးရွာမှ ဖောင်တော်ဦး ရုပ်ပွားတော်မြတ်လေးဆူသည် အင်းလေးဒေသ ၂၁ ဌာနသို့ ကြွချီအပူဇော်ခံမည်ဖြစ်ရာ စက်တင်ဘာ ၂၈ ရက် (သီတင်းကျွတ်လဆန်း ၁ရက်) တွင် စံကျောင်းတော်ဆင်းပွဲ ကျင်းပပြီး စတင်ကြွချီကာ ညောင်ရွှေမြို့သို့ အောက်တိုဘာ ၄ ရက် (သီတင်းကျွတ်လဆန်း ၇ ရက်) တွင် ရောက်ရှိအပူဇော်ခံမည်ဖြစ်သည်။ အောက်တိုဘာ ၈ ရက် (သီတင်းကျွတ်လဆန်း ၁၁ ရက်)တွင် ညောင်ရွှေမြို့မှ နန်းသဲ၊ မိုင်းသောက်သို့ ပြန်လည်ကြွချီပြီး ဒေသစာရီ အစီအစဉ်အတိုင်း ဆက်လက်ခရီးလှည့်လည်မည်ဖြစ်သည်။ ညောင်ရွှေမြို့သို့ ရောက်ရှိအပူဇော်ခံစဉ် ရိုးရာလှေပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း ပြိုင်ပွဲများအား စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှလည်း အင်းလေးကန် ရေရှည်တည်တံ့ရေး ပညာပေးပြခန်းကို ပြသမည်ဖြစ်သည်။ ညပိုင်းတွင် ဈေးပွဲတော်များ၊ ဇာတ်ပွဲများဖြင့် ဖျော်ဖြေသွားမည်ဖြစ်သည်။ (သီတင်းကျွတ် လပြည့်ကျော် ၃ ရက်) အောက်တိုဘာလ ၁၅ ရက်တွင် အင်းလေးနန့်ဟူးရွာ စံကျောင်းတော်ကြီးသို့ ကျောင်းတော်ဝင်ပွဲနှင့် အင်းသားရိုးရာလှေပြိုင်ပွဲ၊ ဆွမ်းပို့ လှေပြိုင်ပွဲတို့နှင့်အတူ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်သူများအား စိုက်ပျိုးနည်းပညာရှင်းလင်း

ရွှေဘို စက်တင်ဘာ ၂၄

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရွာနန်းကျေးရွာအုပ်စု ရွာနန်းကျေးရွာ ကွင်းအမှတ် (၃၅၃၃)တွင် ပဲစင်းငုံ နှစ်တန်းနှင့် ဝါရှစ်တန်း စိုက်ပျိုးထားသော ဦးသိန်းအောင်၏ လေးဧက စိုက်ကွင်းတွင် စက်တင်ဘာ ၉ ရက်က မြို့နယ်စိုက်ပျိုးတိုးမြှင့်အဖွဲ့၊ ဝါနှင့်ပိုးချည်လုပ်ငန်းဌာန မြို့နယ်မန်နေဂျာ ဦးလှမြင့်က တောင်သူများအား စိုက်ပျိုးနည်းပညာ (၁၅)ချက်ကို ရှင်းလင်းပြောကြားပြီး တောင်သူသုံးဦး၏ ရှစ်ဧကတွင် တစ်ပြိုင်နက်တည်း နှမ်းလေးတန်း၊ ဝါတစ်တန်း သီးညှပ်စိုက်ပျိုးထားမှုကို အထွေထွေမန်နေဂျာ (ဖြန့်ဖြူးရေး) ဦးတင်ထွန်းနှင့် တိုင်းဒေသကြီး၊ ခရိုင်မှ ဝါဝယ်ယူရေး တာဝန်ခံများ ကြည့်ရှုစစ်ဆေးကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြဝတီခရိုင်၌ ကျင်းပ

မြဝတီ စက်တင်ဘာ ၂၄

မြဝတီခရိုင်(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သောင်းရင်းခန်းမ၌ စက်တင်ဘာ ၁၀ရက် နံနက် ၈နာရီက ကျင်းပရာ အဆိုပါအခမ်းအနားသို့ မြဝတီခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦးက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်အဆင့်ပြိုင်ပွဲဝင်မည့် မြဝတီခရိုင်ကိုယ်စားပြု ဝါသနာရှင်ဆုရရှိသူများနှင့် အခြေခံပညာအဆင့် ပြိုင်ပွဲဝင်ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က ဆုများချီးမြှင့်ပေးခဲ့ပြီး အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**



ဒီရေတောအတွင်း ကဏန်းမျိုးစိုက်ထည့်

ရန်ကုန် စက်တင်ဘာ ၂၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးအတွက် ငါးသယံဇာတများ ဖွံ့ဖြိုးရေးဦးတည်ပြီး ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ကျောက်တန်းမြို့နယ် အောင်မိုးခိုင် ကဏန်းမွေးမြူထုတ်လုပ်ရေးကန်ရှေ့ရှိ မှော်ဝန်းချောင်းနှင့် ဆက်စပ်နေသော ဒီရေတောအတွင်း စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက ရွှံ့ကဏန်း ၁၀၀ ဂရမ်အောက်ကောင်ရေ ၂၀၀၀၀ နှင့် မျိုးမကောင်ရေ ၂၀၀၀ တို့အား မျိုးစိုက်ထည့်ကြသည်။**(အပေါ်ပုံ)**အလားတူ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကဏန်းမျိုးများ မပြုန်းတီးစေရေးအတွက် ၁၀၀ ဂရမ်အောက် ကဏန်းများကို ရောင်းဝယ်ခြင်းမပြုရန် တားမြစ်ထားပြီး စစ်ဆေးတွေ့ရှိပါကလည်း ကဏန်းမျိုးမပြုန်းတီးစေရေးနှင့် ငါးသယံဇာတဖွံ့ဖြိုးရေးအတွက် သဘာဝဒီရေတောများအတွင်း ပြန်လည်လွှတ်ပေးစေခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြဝတီရုပ်မြင်သံကြား

၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၇း၀၅ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာ့ရှုခင်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၃။ ဇာတ်လမ်းတို

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၁၁း၀၄ ၃။ နိုင်ငံတော်သီချင်း
- ၁၁း၀၅ ၄။ အဖွင့်သီချင်း
- ၁၁း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၁၁း၂၀ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁၆)
- ၁၁း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၁၁း၅၀ ၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အချစ်လက်ကမ်းစာ**
- ၁၂း၄၀ ၉။ ကျန်းမာသုတ
- ၁၃း၀၀ ၁၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား** (အပိုင်း-၁၉)
- ၁၃း၅၀ ၁၁။ မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုဇာတ်လမ်း **ရေဆုံးမြေဆုံး** (အပိုင်း-၂) ဇာတ်သိမ်း

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၄း၀၂ ၃။ နိုင်ငံတော်သီချင်း
- ၄း၀၃ ၄။ အဖွင့်သီချင်း
- ၄း၁၀ ၅။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၂၀ ၇။ လျှပ်တစ်ပြက်
- ၄း၃၀ ၈။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
- ၄း၄၅ ၉။ မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ
- ၅း၀၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၄။ ဘဝကြေးမုံ **ငါးရံ့သုံးကောင်ပုံပြင်** လုလု၊ နှင်းထက်ထက်ဝေနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
- ၆း၅၀ ၁၅။ ဂင်းနက်စ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငှက်ကလေးရဲ့ကောင်းကင်** (အပိုင်း-၉)
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ အမျိုးသားရေးတေးကဗျာ
- ၁၉။ နိုင်ငံတကာသတင်း
- ၂၀။ မိုးလေဝသသတင်း
- ၂၁။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ၂၂။ ပဟေဠိနန်းတော်
- ၂၃။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ထာဝရချစ်သူ** (အပိုင်း -၅၄)
- ၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း -၈၁)

အလိမ္မာ စာမှာရှိ

ဟသ်ာတမြို့နယ်၌ ချေးငွေပေးအပ်ပွဲကျင်းပ

ဟသ်ာတ စက်တင်ဘာ ၂၄

ဟသ်ာတမြို့နယ် ဆင်းရဲမှုလျှော့နည်းပပျောက်ရေးကော်မတီမှ အသေးစားကုန်ထုတ်လုပ်ငန်းနှင့် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများအတွက် ချေးငွေများပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက ဇကာရပ်ကွက် ဗုဒ္ဓဟူးပတ် သံဃာ့ဒါနတန်ဆောင်း၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေက အမှာစကားပြောကြားပြီး မြို့နယ် အသေးစားကုန်ထုတ်လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလွင်နှင့် ဇကာရပ်ကွက် လုပ်ငန်းရှင် ဦးမြင့်သိန်းဦးတို့က အသေးစားကုန်ထုတ်လုပ်ငန်းနှင့် အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများအကြောင်းနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြသည်။

ထုတ်ချေးပေး

ထို့နောက် ဇကာရပ်ကွက် လုပ်ငန်းရှင် ဦးမြင့်သိန်းဦး၊ ဒေါ်ခင်မာညို မိသားစုတို့က မတည်ရင်းနှီးငွေကျပ် ၁၅ သိန်းကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးလှဝေထံ ပေးအပ်ပြီး **(အပေါ်ပုံ)** ဇကာရပ်ကွက်ရှိ အစုအဖွဲ့ခေါင်းဆောင် ၁၀ ဦးအား ငွေများထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းဆွေးနွေး

မိုးကောင်း စက်တင်ဘာ ၂၄

မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူထုတ်လုပ်သူများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁ ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့နယ် နမ္မတီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ဆွေးနွေးပြောကြား

အခမ်းအနားတွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန (နေပြည်တော်-ရုံးချုပ်)မှ ကချင်ပြည်နယ် တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းမြင့်သိန်း၊ ကချင်ပြည်နယ် မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာခင်အောင်၊ မိုးညှင်းခရိုင် မွေး/ကုဦးစီးဌာနမှူး ဒေါက်တာခင်မောင်မြင့်၊ မိုးကောင်းမြို့နယ် မွေး/ကု ဦးစီးဌာနမှူး ဒေါက်တာဇော်နိုင်တို့က မွေးမြူရေးနှင့် သားငါး ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပြောကြားကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးရန်လို ကုမ္ပဏီအနေဖြင့် ကုန်သွယ်မှုကိုသာမက ဝန်ဆောင်မှုပေးခြင်းကိုပါ တိုးချဲ့လုပ်ဆောင်

အမှာစကားပြောကြား

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ရွှေနိုင်ငံအရှေ့အာရှဖွံ့ဖြိုးတိုးတက်ရေးလီမိတက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၂၄

အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သော ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်၏ ၂၀၁၀-၂၀၁၁ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လေးနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရွှေနိုင်ငံအရှေ့အာရှ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်များ တက်ရောက်ကြသည်။

နှစ်ပတ်လည်အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားရာ၌ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိက စီးပွားရေးအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အရင်းအနှီးအခက်အခဲ၊ စီမံအုပ်ချုပ်မှုနှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းအားမြှင့်တင်နိုင်ရေးအတွက် အများပိုင်ကုမ္ပဏီများ ဖွံ့ဖြိုးရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် အများပိုင်ကုမ္ပဏီ ၁၈ ခုသာရှိသေး၍ ဆက်လက်တိုးချဲ့ဖွဲ့စည်းရန် လိုအပ်နေသေးကြောင်း၊ ကုမ္ပဏီအနေဖြင့် ကုန်သွယ်မှုကိုသာမကဘဲ ဝန်ဆောင်မှုပေးခြင်း (servicing)ကိုပါ တိုးချဲ့လုပ်ဆောင်ရန် စီစဉ်နေသောကြောင့် ကြိုဆိုပါကြောင်း။

ပိုမိုတိုးတက်

၂၀၀၇ ခုနှစ်မှ စတင်သော ကုမ္ပဏီအနေဖြင့် အစုရှယ်ယာဝင်များ ပိုများလာသကဲ့သို့ ပိုမိုအောင်မြင်လာကြောင်း၊ နိုင်ငံတော်အနေဖြင့် အများပိုင်လုပ်လိုသူများနှင့် ကုမ္ပဏီများအား အားပေးနေသည့် ကာလဖြစ်သည့်အပြင် နိုင်ငံတော်က စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးအားပေးနေကြောင်း၊ လက်ရှိအခြေအနေတွင် ပုဂ္ဂလိကများလုပ်ဆောင်နေသည့် ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ပေးနေကြောင်း၊ လူအများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးမည့် အများပိုင်ကုမ္ပဏီများအနေဖြင့် ယခုကဲ့သို့ အခြေအနေကောင်းများ ရှိနေချိန်တွင် ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် အများအကျိုးနှင့် တိုင်းပြည်အကျိုးစီးပွား ဖော်ဆောင်နိုင်ကြောင်း၊ ထို့မှတစ်ဆင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ရရှိနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက အများပိုင်ကုမ္ပဏီဖြစ်ပြီး လူအများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်သည့် လုပ်ငန်းများဖြစ်၍ လူအများစု၏ အကျိုးစီးပွားသာမက ဆင်းရဲမှုကိုပါ လျော့နည်းပပျောက်စေနိုင်ကြောင်း၊ အများပိုင်ကုမ္ပဏီများ ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးတိုးတက်လာစေရန် ဝိုင်းဝန်းကြိုးစားရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများအပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများပါ တိုးချဲ့လုပ်ဆောင်သင့်ကြောင်းဖြင့် ဆွေးနွေး ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး အရောင်းမြှင့်တင်ရေး အစည်းအဝေးတက်ရန်ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင်ကျင်းပမည့် ဟန်ကျို့ဒေသ၌ မြန်မာနိုင်ငံမှသစ်များ ဈေးကွက်ချဲ့ထွင်ရေးနှင့် အရောင်းမြှင့်တင်ရေးဆိုင်ရာ အစည်းအဝေးသို့တက်ရောက်ရန် မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးညိုလေးတို့သည် စက်တင်ဘာ ၂၀ ရက် နံနက်က ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ရှန်ဟိုင်းမြို့သို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသော ဦးအောင်နိုင်ဦး၊ ဦးဘာဘာချိုနှင့် အမှုဆောင်အရာရှိ ဦးထင်ကျော်တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

(သစ်လုပ်ငန်းရှင်များအသင်း)

မကွေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မကွေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် ၂၀၁၁-၂၀၁၂ ပညာသင်နှစ် မကွေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အားကစားနှင့် ကာယပညာဦးစီးဌာန မကွေးခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ကျင်းပမည်

ပြိုင်ပွဲတွင် U-၁၃၊ U-၁၆ အမျိုးသား/အမျိုးသမီးဘောလုံးပြိုင်ပွဲ၊ U-၁၆ အမျိုးသား/အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲ၊ U -၁၆ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် U-၁၆ အမျိုးသား/အမျိုးသမီး စားပွဲတင်တင်းနစ်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လမ်းပြင်ရာတွင် ယာဉ်ကြောများ မပိတ်ဆို့စေချင်

ရန်ကုန် စက်တင်ဘာ ၂၄

ယခုနှစ်တွင် ရန်ကုန်မြို့၌ မိုးရွာသွန်းမှု ပိုမိုသဖြင့် လမ်းများပေါ်၌ ရေလျှံခြင်း၊ ရေဝပ်ခြင်းများ ဖြစ်ပေါ်ကာ လမ်းပျက်စီးမှု ပိုမိုများပြားခဲ့ရသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း/တံတား)ကလည်း လိုအပ်သည့် ပြုပြင်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လမ်းများပြုပြင်ရာတွင် နေ့ပိုင်း၌သာ ဆောင်ရွက်ခြင်းများသဖြင့် ယာဉ်ကြောပိတ်မှုများဖြစ်ကာ သွားရေးလာရေးတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် တွေ့ကြုံရလျက်ရှိသည်။

ထိုသို့ လမ်းပြုပြင်မှုများနှင့် စပ်လျဉ်း၍ ပြည်သူတစ်ဦးက အရင်ဆယ်စုနှစ် ကျော်ကျော်က ဆိုရင် ပျက်နေတဲ့ လမ်းတွေဟာ နောက်နေ့မနက်မှာ ကတ္တရာလမ်းသစ်အဖြစ် တွေ့ခဲ့ရကြောင်း၊ ညပိုင်းမှာ လမ်းပြင်သဖြင့် အနှောင့်အယှက်ကင်းကာ လုပ်ငန်းပိုပြီးထိရောက်ကြောင်း၊ လုပ်ငန်းတွင်ကျယ်၊ ယာဉ်ပိတ်ဆို့ကြန့်ကြာမှုများ မရှိခဲ့ကြောင်း၊ မိုးကုန်၍ လမ်းပြန်ပြင်မည်ဆိုလျှင် ညဘက်မှာပြင်ခြင်းက ပိုပြီးထိရောက်မည်ဟု ထင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(မောင်လှိုင်)

တစ်ချက်တည်းကျင်းဝင်

နေပြည်တော် စက်တင်ဘာ ၂၄

ဦးဇော်မင်းဦး(လျှပ်စစ်-၁)သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရေအားပေါင်းလောင်းဂေါက်ကွင်း၌ ဂေါက်သီးရိုက်ကစားစဉ် Nike-PD(3)ဘောလုံးကို Makser Iron No-8 တုတ်ဖြင့် ရိုက်လိုက်ရာ ၁၄၆ ကိုက်အကွာရှိ ကျင်းအမှတ် (၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားပါသည်။

ကစား

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသည့် ဦးခင်မောင်ဦး၊ ဦးသန်းလွင်၊ ဦးထွန်းလူမော်နှင့် ဦးကျော်ကျော်ထက်တို့ အတူကစားလျက်ရှိသည်။ **(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၈) အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၂၄ ရက်က ကျင်းပရာ တတိယတန်း၌ ပထမဆုရရှိသော မောင်ဇေယျမင်းမြတ်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်သီသီဌေး ဆုချီးမြှင့်စဉ်။ (ပညာရေး)

အရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေး

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၁၀) ရပ်ကွက်၌ နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်း အခမ်းအနားကို စက်တင်ဘာ ၁၁ ရက်က အမှတ်(၁၀) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ လှိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်အောင်ထွန်းက ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းထံသို့ ရပ်ကွက်အတွင်းရှိ အရည်အချင်းပြည့်မီသူများအတွက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြန်မာ့အလင်း စာအုပ်ခင်းကဏ္ဍ ၂၄-၉-၂၀၁၁

လှိုင်သင်း၏ အဆောက်အအုံ၏ ဒဿန ဘာသာပြန်စာအုပ်ထုတ်ဝေဖြန့်ချိ



ရန်ကုန် စက်တင်ဘာ ၂၄

အဆောက်အအုံ အင်ဂျင်နီယာ ပညာသင်ယူနေကြဆဲ ကျောင်းသားကျောင်းသူများ၊ သင်ယူပြီးဖြစ်သော်လည်း အစာမကြေဘဲ မျိုရုံသာ မျိုချထားသူ လူငယ်အင်ဂျင်နီယာများ၊ မိမိတို့ ရေးဆွဲသောပုံစံကို အဆောက်အအုံ အင်ဂျင်နီယာများ မည်ကဲ့သို့ ဒီဇိုင်းလုပ်နေကြသလဲ သိလိုသည့် ဗိသုကာများအား ရည်စူးပြီး ဘာသာပြန်ခြင်း ဖြစ်သည်ဟု လှိုင်သင်းက ဆိုထားသည်။ အဆောက်အအုံ အင်ဂျင်နီယာလောကမှ မဟုတ်သော်လည်း ဗဟုသုတရှာမှီးလိုသူများလည်း အဆောက်အအုံအင်ဂျင်နီယာပညာရပ်၏ "အတိမ်အနက်" နှင့် "အလှတရား" ကို တစေ့တစောင်း အကဲခတ်နိုင်ကြစေရန်လည်း ရည်ရွယ်သည်ဟုဆိုသည်။

ထုတ်ဝေ

အဆိုပါစာအုပ်ကို ကံ့ကော်ဦးမွန်စာပေတိုက်က ထုတ်ဝေပြီး ပါရမီစာပေက ဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ဒေါက်တာဆရာမြင့်(စကြာမင်း)၏ အမျိုးသားရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၂၄



ဒေါက်တာဆရာမြင့်(စကြာမင်း)၏ အမျိုးသားရောဂါ သိကောင်းစရာနှင့် ကာကွယ်ကုသနည်းများ စာအုပ်ကို ရန်အောင်စာပေက စတုတ္ထအကြိမ် ထုတ်ဝေလိုက်သည်။

ဖော်ပြထား

ထိုစာအုပ်တွင် အမျိုးသားများဖြစ်လေ့ဖြစ်ထရှိသည့် ရောဂါများအကြောင်း၊ အမျိုးသားအားနည်းရောဂါအမျိုးမျိုး၊ အရိုးကျီးပေါင်းရောဂါ၊ သွေးချိုဆီးချိုရောဂါများနှင့် ယှဉ်တွဲနေသော အမျိုးသားအားနည်းရောဂါများ၊ အသက်ရှည်ရာ အနာကင်းရေးသော့ချက်၊ အမျိုးသားရောဂါများကို ကာကွယ်ကုသပျောက်ကင်းစေသည့် စိတ်ပျိုကိုယ်နု အားတိုးဆေး၊ ရသာယန အသက်ရှည်အားတိုးဆေး၊ ဝါဇီကရဏ အပူငြိမ်းအားတိုးဆေးနှင့် သက်ရှည်ကျန်းမာအားသစ်လာစေသည့် ဘေးထွက်ဆိုးကျိုးကင်း မြန်မာ့ရိုးရာသဘာဝတိုင်းရင်းဆေးနည်းကောင်းများစွာကို ဖော်ပြထားသည်။

ဖြန့်ချိလျက်ရှိ

အဆိုပါ စာအုပ်ကို တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ရန်အောင်စာပေ ဖုန်း- ၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ မှတစ်ပြည်လုံးသို့ ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၂၄

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင် အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ စက်တင်ဘာ ၂၃ ရက်တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က သုတ/ရသစာအုပ် ၇၄၄၄ အုပ်၊ ဦးဟိန်းလတ်က Auto Mobile PC Guide Magazine ၁၄၅၈ အုပ်၊ ဒေါ်ယုယုနိုင်က ဂျာနယ်မျိုးစုံ ၂၁၀ နှင့် ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာမ စူးရှမြတ်မြတ်က ဝတ္ထုစာအုပ် ၅၀၀၊ ဒေါ်မိမိထိုက်က ဂျာနယ်မျိုးစုံ ၄၀ နှင့် ငွေကျပ် ၅၀၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ **(အောက်ပုံ)**

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ်-၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၉-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅:၂၀ MRTV-4 သတင်း
၅:၅၀ **သက္ကာယဒိဋ္ဌိဖြုတ်ပုံ ခန္ဓာဘဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၀ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၇)
၇:၃၀ MRTV-4 သတင်း
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၉)
၈:၅၀ မိုးညှင်းတောရမှ နှစ်တစ်ရာပြည့်အခမ်းအနား
၉:၁၀ တောင်သူများတွက်··· အားထားဖို့ရာ ကီမီရာ (ဒိုလူး) ဓာတ်မြေသြဇာပါ
၉:၃၀ Sunday Talk (ဒေါက်တာဇော်သန်း၊ မျိုးမြတ်သူ)
၁၀:၁၀ ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့ အကြောင်း တွေ့ဆုံမေးမြန်းခြင်း
၁၀:၂၅ ဗီဒီယိုပြခန်း
၁၀:၅၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **အမုန်း၌စတင်ခဲ့သော အချစ်**
၁၁:၂၀ ဈေးဝယ်လမ်းညွှန် (BSX)
၁၁:၃၅ မြန်မာနိုင်ငံလက်ဖက်ရည်အဖွဲ့ချုပ် ကြိုးပမ်းလှုပ်ရှားမှုများ (အပိုင်း-၂)
၁၂:၀၅ နယဉ်ဆန်းထွင် သစ်သီးအလှဆင် (အကြော်ပွဲ အလှဆင်နည်း)
၁၂:၃၅ လွယ်ကူသက်သာ စားစရာ သရက်သီးစိမ်းသနပ်နှင့် ဆီးတော်ဖီ
၁၂:၅၀ အနာဂတ်ပန်းများပွင့်လန်းစေမည် ဗြဟ္မစာရီ
၁:၀၀ **သက္ကာယဒိဋ္ဌိဖြုတ်ပုံ ခန္ဓာဘဏ်ရောက် ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀ MRTV-4 သတင်း
၂:၂၀ စကားနပန်း **အိမ်လည်တာကောင်းတယ်၊ အိမ်မလည်တာကောင်းတယ်**
၃:၃၀ ပြောင်းလဲလာသော Food Culture နှင့် C.P. Products များ
၃:၄၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၇၉)
၅:၀၅ FMF Selection
၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
၆:၀၀ MRTV-4 သတင်း
၆:၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆:၄၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၁၃၈)
၇:၂၅ သွားမယ်စားမယ် (Park Royal)
၇:၅၀ ပရိမီယာလိဂ် ရင်ခုန်သံ
၈:၀၀ MRTV-4 သတင်း
၈:၃၀ A Journey to the Korea (Part-7)
၈:၄၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄၁)
၉:၀၀ Kid's Show
၉:၂၅ **Barclays Premier League QPR Vs Aston Villa**
၁၁:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၈၀)
၁၂:၃၀ ကမ္ဘာ့နှလုံးများနေ့ဆွေးနွေးခန်း (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာတင်လတ်)
၁၂:၅၅ အထောက်အကူပြုစရာ ကလေးတို့အတွက် အင်္ဂလိပ်စာ
၁:၀၅ အယသမ်ဂီတို့ဖြစ်တည်ရာ···
၁:၁၅ **ဘဝများ** ခင်စန်းဝင်း (မိတ်ကပ်)
၁:၄၀ သဘာဝအလှရတနာ သစ်ခွကမ္ဘာ
၁:၅၀ စိတ်ဝင်စားစရာ ကျောက်မျက်ကမ္ဘာ (မြန်မာ့ကျောက်စိမ်း မြန်မာ့အနုပညာ)
၂:၁၀ လက်မှုအနုပညာ၏ ဆန်းသစ်သော ဖန်တီးမှုနှင့်
၂:၂၀ Shooting Location (မျက်ခြယ်ခြိ)
၂:၄၅ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (စိတ်အပန်းဖြေစရာ အလှမွေးငါးကမ္ဘာ)
၃:၀၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
၃:၃၀ အံ့ဖွယ်လေ့လာ အသံတုပညာ (အသံတုရဲမြင့်လေး)
၃:၅၀ မောတို့ဥ္ဂနေရှမ်းတို့မြေမှ တောင်ကြီးမြို့နှင့် ရိုးရာမင်္ဂလာ
၄:၁၅ သူတို့ငါးယောက်ရှိရာ သရေခေတ္တရာ
၄:၃၀ ပုညာရာမမိုးကုတ်ဝိပဿနာ ကျောင်းတိုက်၏ တစ်သက်စာ ဝိပဿနာ
၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့်ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉:၂၅	QPR-Aston Villa	(ESPN)

မြွေအန္တရာယ်နှင့် ရှေးဦးသူနာပြုစုနည်းများ

ဒေါက်တာထွန်းဖေ (ဆေး/သု)

မြန်မာပြည်တွင် မြွေကိုက်ခံရသူများသည် လုပ်ငန်းခွင်တွင် ဖြစ်ပွားမှုများပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် မြွေကိုက်ခံရသူများသည် ခြေနှင့် လက်များကို အကာအကွယ်များ အသုံးပြုသည့် အလေ့အထမရှိသောကြောင့်ဖြစ်သည်။ မြွေကိုက်အန္တရာယ်ကာကွယ်ဖိနပ်နှင့် လက်အိတ်ကို အသုံးပြုခြင်းဖြင့် လယ်ယာလုပ်ငန်းခွင် မြွေကိုက်ခံရမှုအန္တရာယ်ကို ကာကွယ်နိုင်ပါသည်။

မြွေကိုက်ခံရသည့် လူနာများသည် ဆေးရုံရောက်ချိန်တွင် မြွေဆိပ်များ ခန္ဓာကိုယ်အတွင်း ပျံ့နှံ့နေပြီးဖြစ်၍ ကျောက်ကပ် ပျက်စီးခြင်း၊ သွေးဆုတ်ခြင်း၊ ခန္ဓာကိုယ်တွင်း အရေးကြီးသော အင်္ဂါအစိတ်အပိုင်းများတွင် သွေးယိုစီးခြင်းများဖြစ်ပြီး အသက်ဆုံးရှုံးရသူများ တွေ့ရသည်။

သုတေသနပြုချက်အရ လူနာအချို့တွင် မြွေကိုက်ခံရပြီး နာရီပိုင်းအတွင်း ဆေးရုံရောက်သော်လည်း ကျောက်ကပ်ပျက်စီးခြင်း ဖြစ်ပေါ်ကာ အသက်ဆုံးရှုံးသူများရှိပါသည်။

သို့ဖြစ်၍ မြွေဆိပ်ခန္ဓာကိုယ်တွင်း မဝင်ရောက်နိုင်ရန် ကာကွယ်သည့်နည်းသာလျှင် မြွေဆိပ်အန္တရာယ်မှ ရာခိုင်နှုန်းပြည့် ကာကွယ်နိုင်ပါသည်။ လုပ်ငန်းခွင်တွင် မြွေအန္တရာယ်ကာကွယ်ဖိနပ်နှင့် လက်အိတ်များ ဝတ်ဆင်အသုံးပြုခြင်းဖြင့် မြွေကိုက်ခံရမှုမှကင်းဝေး၍ တန်ဖိုးကြီးစွာဖြင့် ထုတ်လုပ်ရသော မြွေဆိပ်ဖြေဆေး လိုအပ်ချက်များစွာ လျော့ကျသွားမည်ဖြစ်သည်။ ကျန်းမာရေးအတွက် နိုင်ငံတော်အသုံးစရိတ်ပင် များစွာလျော့ကျသွားပါမည်။

အကယ်၍ မြွေကိုက်ခံရပါလျှင် ကိုယ်ခန္ဓာတွင်း မြွေဆိပ်မပျံ့စေရန် ထိရောက်မှန်ကန်သော ရှေးဦးသူနာပြုစုနည်းများကို အသုံးပြုရပါမည်။ ယခုအချိန်ထိ မြွေကိုက်လူနာများသည် မှန်ကန်သော ရှေးဦးသူနာပြုစုနည်းကို အသုံးမပြုတတ်သေးကြောင်း၊ အသုံးပြုရန် လိုအပ်နေပါကြောင်း တွေ့ရသည်။ သို့အတွက် ဆေးရုံရောက်ချိန်တွင် လူနာများ ခန္ဓာကိုယ်တွင်း မြွေဆိပ်ပျံ့နေကြောင်း တွေ့ရှိရသည်။

ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)မှ စမ်းသပ်တီထွင်ထားသော အဝတ်ထုံး ကျပ်စည်းနည်းကို မှန်ကန်စွာ ပြုလုပ်ပါက မြွေဆိပ်ပျံ့ခြင်းကို နှောင့်နှေးစေကြောင်း သုတေသနပြု တွေ့ရှိထားပါသည်။ ၎င်းနည်းသည် မြွေဆိပ်ကိုအကိုက်ခံရသည့်နေရာမှ ပျံ့နှံ့နှေးစေရန် အဝတ်ထုံးဖြင့် ဖိအားပေးထားရပါသည်။ ရေမြှုပ်တုံးများ အသုံးပြု၍ မရပါ။ ဒဏ်ရာပေါ်တွင် ကျစ်လျစ်သော အဝတ်ထုံးလက်နှစ်လုံး အထူပြုလုပ်ပြီး ဖိအားလက်တစ်တင်း ၄-၅ ပတ် စည်းပေးရမည်။ မြွေဆိပ်မပျံ့စေရန်အတွက် ဝါးခြမ်း/သစ်သားပြားခံ၍ ကျပ်စည်းပေးရမည်။ အဝတ်ထုံးပြုလုပ်နည်းမှာ အလွယ်တကူ ရရှိနိုင်သော ပုဆိုးကို ကွင်းလိုက် လက်သုံးလုံးအကျယ် ဆုတ်ယူအသုံးပြုရပါမည်။ အကိုက်ခံရသည့် ခြေ/လက် မလှုပ်ရှားစေရန်ကျပ်စည်းပေးရမည့် လူနာအား ထမ်းပိုးသယ်ယူရပါမည်။

မြွေကိုက်ရှေးဦးသူနာပြုစုနည်း၏ အဓိကရည်ရွယ်ချက်မှာ မြွေဆိပ်ပျံ့နှံ့ နှေးရန်/မပျံ့ရန်အတွက် ဖြစ်ပါသည်။ မြွေဆိပ် မပျံ့စေရန် အနည်းဆုံး ပြုလုပ်ရမည့်အချက်မှာ အကိုက်ခံရသည့် လူနာ၏ခြေ/လက်ကို ကျပ်စည်း၍ လူနာအား လမ်းမလျှောက်၊ မလှုပ်ရှားစေဘဲ နီးရာဆေးပေးခန်းသို့ အမြန်ဆုံး ထမ်းပိုးပို့ဆောင်ပေးရပါမည်။ အဝတ်ထုံးကျပ်စည်းနည်း ပြုလုပ်နိုင်ပါက မြွေဆိပ်ပျံ့နှံ့ကို ပို၍ဟန့်တားနိုင်ပါသည်။

နီးရာ ဆေးပေးခန်း၊ ဆေးရုံသို့ အမြန်ဆုံးပို့ဆောင်ရခြင်းမှာ လူနာ၏ အခြေအနေပေါ်မူတည်၍ မြွေဆိပ်ဖြေဆေး အမြန်ဆုံးထိုးပေးခြင်းဖြင့် မြွေဆိပ်ကြောင့်ဖြစ်ပေါ်မည့် နောက်ဆက်တွဲ ဆိုးကျိုးများကို လျော့ပါးသက်သာစေရန် ဖြစ်ပါသည်။ ထို့ကြောင့် တန်ဖိုးရှိသောအချိန်ကို အခြားနည်းများနှင့် ကုသခြင်းဖြင့် အချိန်မဖြုန်းပါနှင့်။

အထူးသဖြင့် မြွေကိုက်ခံရမှုများသော အရပ်ဒေသမှ တောင်သူလယ်သမားများသည် ၎င်းရှေးဦးသူနာပြုစုနည်းကို လူတိုင်း သင်ယူလေ့ကျင့် တတ်မြောက်ထားရန် လိုအပ်ပါသည်။ ကျန်းမာရေးဝန်ထမ်းများက တောင်သူလယ်သမားများအား ထပ်ဆင့်ကြီးကြပ်သင်ကြားပေးရန် လိုအပ်ပါသည်။

မြွေကိုက်ခံရသူများအတွက် ရှေးဦးသူနာပြုစုနည်း

မြွေကိုက်ခံရလျှင် -

၁။ မြွေကိုက်ဒဏ်ရာကို ဘာမျှမပြုလုပ်ပါနှင့်။

၂။ အလျား လက်သုံးလုံး၊ အနံ လက်သုံးလုံး၊ အထူ လက်နှစ်လုံးအရွယ် ပုဆိုးကွင်းပိတ်စကို ခေါက်၍ ကျစ်လျစ်သော အဝတ်ထုံးတစ်ခုပြုလုပ်ပြီး ဒဏ်ရာပေါ်တွင်တင်၍ ပုဆိုးစ/ပတ်တီးစ တစ်ခုဖြင့် လက်တစ်တင်း ၄-၅ ပတ် စည်းပေးရမည်။ ပုံ(၁)



အဝတ်ထုံး ကျပ်စည်းနည်း — **အဝတ်ထုံးတစ်ခုပြုလုပ်ပြီး ဒဏ်ရာပေါ်တွင်တင်၍ ပုဆိုးစ/ပတ်တီးစတစ်ခုဖြင့် လက်တစ်တင်း ၄-၅ ပတ် စည်းပေးရမည်။**

၃။ ခြေချောင်း၊ လက်ချောင်းတွင် အကိုက်ခံရလျှင် အဝတ်ထုံး အသေးပြုလုပ်၍ အသုံးပြုရန်။

၄။ အရေးကြီးဆုံးမှာ အကိုက်ခံရသော ခြေ/လက်ကို ဝါးခြမ်း/တုတ်ချောင်းခံ၍မလှုပ်ရှားနိုင်အောင် ကျပ်စည်းပေးရမည်။ (ပုဆိုးစအသုံးပြု၍ ၃-၄နေရာတွင် လက်တစ်တင်းချည်ပေးရန်)

၅။ လူနာအား အချိန်မဖြုန်းဘဲ နီးရာဆေးပေးခန်း/ဆေးရုံသို့ **အမြန်ဆုံး** သယ်ယူထမ်းပိုး၍ ပို့ဆောင်ပေးရမည်။

၆။ ခြေ/လက် မည်သည့်နေရာတွင် အကိုက်ခံရသည်ဖြစ်စေ လမ်းလျှောက်ခြင်းမပြုရ၊ မြွေဆိပ်ပျံ့စေသည်။ ထို့ကြောင့် လူနာကို ထမ်းပိုးသယ်ယူသွားရမည်။

၇။ ကိုက်သည့် မြွေအသေတွေ့ရှိပါက တစ်ပါတည်း ယူဆောင်လာရန်၊ မြွေဆိပ်ဖြေဆေးထိုးပေးရာတွင် အထောက်အကူပြုပါသည်။

ရှောင်ရန်နှင့် ဆောင်ရန်များ

၁။ ဒဏ်ရာကို ဓား/ပုလင်းကွဲဖြင့် ခွဲစိတ်သွေးထုတ်ခြင်း၊ ဆေးလိပ်မီးနှင့်တို့ခြင်း၊ စုတ်ထိုးခြင်း၊ ကြပ်ခုတ်ခြင်း၊ တွင်ခုတ်ခြင်း၊ ဆေးအုံခြင်းများ မပြုလုပ်ရ။

၂။ ဆေးမြစ်များ ဝါးမျိုစေခြင်း၊ မြွေအမြီးဖြတ်၍ မျိုစေခြင်းများ မပြုလုပ်ရ။

၃။ ကြိုးစည်းခြင်းမပြုရ၊ အချိန်ကြာမြင့်စွာ ကြိုးတင်းကျပ်စွာ စည်းထားပါက သွေးလှည့်ပတ်မှု မရှိ၍ ခြေ/လက်ပုပ်၍ ဖြတ်ပစ်ရသူများရှိသည်။ ကောင်းကျိုးထက် ဆိုးကျိုးက ပိုများ၍ မပြုလုပ်ရန်။

၄။ ဆေးမြီးတိုနှင့် ကုသခြင်းမှ ရှောင်ရန်။ တန်ဖိုးရှိသော အချိန်ကို မဖြုန်းပါနှင့်။

၅။ မြွေကိုက်ခံရမှုသည် ကြိုတင်ကာကွယ်၍ရသော လုပ်ငန်းခွင် အန္တရာယ်ဖြစ်၍ မြွေအန္တရာယ် ကာကွယ်ဖိနပ်နှင့် လက်အိတ်ကို အသုံးပြုခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

အာရုံကြောအဆိပ်ရှိ မြွေများ (မြွေဟောက်၊ အဆိပ်မှုတ် မြွေဟောက်၊ သံကွင်းစွပ်မြွေ၊ငန်းတော်ကျား၊ ငန်းမြွေ၊ ဂျပ်မြွေ အပါအဝင်) အကိုက်ခံရပါလျှင် -

၁။ အာရုံကြော အဆိပ်သည် လျင်မြန်စွာ ကိုယ်တွင်းပျံ့လွယ်၍ အချိန်တို နာရီပိုင်းအတွင်း မြွေဆိပ်တက်၍ မျက်ခွံလေး၊ အာလေး၊ လျှာလေးဖြစ်ပြီး အသက်ရှူ ရပ်ဆိုင်းခြင်းများ ဖြစ်စေပြီး အသက်ဆုံးရှုံးနိုင်ပါသည်။

၂။ အာရုံကြောအဆိပ်ရှိမြွေများ အကိုက်ခံရလျှင် ပြုလုပ်ရမည့် ရှေးဦးသူနာပြုစုနည်းကို မြန်မာနိုင်ငံ၌ သုတေသနမပြုရသေးပါ။ သို့သော် ဩစတြေးလျနိုင်ငံက သုတေသနပြုလုပ်ထားသော မြွေကိုက်ရှေးဦးသူနာပြုစုနည်းကို ဖော်ပြထားပါသည်။

(က) မြွေကိုက်ဒဏ်ရာကို ဘာမျှ မပြုလုပ်ပါနှင့်။

(ခ) ခြေထောက် တစ်နေရာတွင် အကိုက်ခံရလျှင် ဆွဲဆန့်၍ရသော Crepe(သို့) Elastic ပတ်တီးစကို ခြေသည်းများချန်၍ ခြေဖျားမှစတင်ကာ ပေါင်ရင်းထိ လက်တစ်တင်း ရစ်ပတ်စည်းပေးရပါမည်။ ပတ်တီးစကုန်သည်နှင့် နောက်တစ်ခုဖြင့် ဆက်တိုက် ရစ်ပတ်စည်းပေးရပါမည်။ Crepe Bandage / Elastic Bandage အလွယ်တကူ ရနိုင်ပါက ၎င်းတို့ကို အသုံးပြုနိုင်ပါသည်။ အကယ်၍ လက်တစ်နေရာတွင် အကိုက်ခံရလျှင် အထက်ပါ ပတ်တီးစဖြင့် လက်သည်းများ ချန်၍ လက်ဖျားမှ လက်မောင်းရင်းအထိ လက်တစ်တင်း ရစ်ပတ်စည်းပေးရပါမည်။ အရေးကြီးဆုံးမှာ ဝါးခြမ်း/ဝါးလုံး/သစ်သားပြားကို ခြေ/လက်အောက်တွင်ခံ၍ ကျပ်စည်းပေးရမည်။ ပုံ(၂)

(ဂ) လူနာအား ပွေ့ချီထမ်းပိုးသယ်ယူပြီး နီးရာဆေးပေးခန်း၊ ဆေးရုံသို့ အမြန်ဆုံး ပို့ဆောင်ပေးရန်၊ အချိန် မဖြုန်းပါနှင့်။

(ဃ) ဆေးရုံ ဆေးခန်းအသွား လမ်းခုလတ်တွင် မြွေဆိပ်တက်၍ အသက်ရှူရပ်ပြီး အသက် ဆုံးရှုံးသူများ ရှိပါသည်။

(င) လူနာ အသက်ရှူ မမှန်ခြင်း၊ ရပ်ဆိုင်းခြင်းအချိန်တွင် ပြုလုပ်ရမည့် ရှေးဦးသူနာပြုစု အသက်ကယ်နည်းမှာ လူနာကို ပုံမှန်အသက် ပြန်ရှူလာသည်အထိ နှုတ်ခမ်းချင်းဆက်၍ အသက်ရှူသွင်းနည်းဖြစ်ပါသည်။ ယင်းနည်းကို လူနာနှင့် လိုက်ပါလာသူများက အလှည့်ကျ ဆေးခန်း/ဆေးရုံရောက်သည်အထိ နည်းလမ်းမှန်ကန်စွာ ဆက်လက်ပြုလုပ်၍ အသက် ကယ်တင်နိုင်ပါသည်။ Ambu bag (လေအိတ်)ရှိပါက အသုံးပြုနိုင်ပါသည်။

(စ) ၎င်း ရှေးဦးပြုစုနည်းကို လူတိုင်းနည်းလမ်းမှန်ကန်စွာ သင်ယူတတ်မြောက်ထားရန် လိုအပ်ပါသည်။

အဆိပ်မှုတ်မြွေဟောက်မှ မျက်စိကို မြွေဆိပ်မှုတ်ခံရပါလျှင် -

သန့်ရှင်းသော ရေများများဖြင့် မျက်စိကို ရေဆေးပေးရန် လိုအပ်ပါသည်။ လိုအပ်ပါက မျက်စဉ်းခတ်နိုင်ပါသည်။ ။

ဆွဲဆန့်၍ရသော Crepe (သို့) Elastic ပတ်တီးစဖြင့် ကျပ်စည်းနည်း

ဝါးခြမ်း/ဝါးလုံး/သစ်သားပြားကို ခြေ/လက်အောက်တွင်ခံ၍ကျပ်စည်းပေးရမည်။

အသစ်တစ်ဖန် ပြန်လည်ပွင့်ဖြိုးလာမည့် ကျကူနီကျေးရွာ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း
မောင်ယဉ်ကျေး (တာချီလိတ်)

တပ်ဆင်ပေးထားသော စီဒီအမ်အေ တယ်လီဖုန်းမှတစ်ဆင့် တစ်နိုင်ငံလုံးသို့ ကျေးရွာပြည်သူများ ဤသို့ လွယ်လင့်တကူ ပြောဆိုနိုင်ကြပြီ။

တာချီလိတ် စက်တင်ဘာ ၂၄

ကျကူနီကျေးရွာ. . . ။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ် ခရိုင်အတွင်းရှိ ကျကူနီကျေးရွာလေးသည် တာချီလိတ်မြို့၏ မြောက်ဘက် ယွန်းယွန်း၂၇ မိုင်ကျော် အကွာတွင် တည်ရှိကာ မြင့်မားသီခေါင်လှသည့် ရှမ်းတောင်တန်းကြီးများအကြား တည်ရှိနေသော ကျေးရွာလေးဖြစ်သည်။ ထိုရွာလေးတွင် လားဟူတိုင်းရင်းသားများသည် ရှေးဘိုးဘေးဘီဘင်ကပင် တောင်ယာလုပ်ငန်း၊ လယ်ယာစိုက်ပျိုးခြင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကာ အေးချမ်းပျော်ရွှင်စွာဖြင့် နေထိုင်ခဲ့ကြသည်။

၂၀၁၁ ခုနှစ် မတ်လ ၂၄ ရက် ကြာသပတေးနေ့. . . ။

ယနေ့သည်ကား ကျကူနီကျေးရွာရှိ ဘုရားကျောင်း နှစ်ပတ်လည်ပွဲတော်နေ့ဖြစ်သည်နှင့်အညီ ရွာသူရွာသားများအားလုံး ပျော်ရွှင်တက်ကြွစွာဖြင့် ဓမ္မတေးများကို သီကြွေးကာ နှစ်ပတ်လည်ပွဲတော်ကို ညနေ ၆ နာရီကျော်မှ စတင်ကာဆင်နွှဲလျက်ရှိကြသည်။

သို့သော်လည်း ည ၈ နာရီခွဲတွင် ရုတ်တရက်ပေါ်ပေါက်လာသော သဘာဝဘေးဆိုးကြီးကြောင့် ဓမ္မတေးသံများ ရပ်ဆိုင်းသွားကာ ဝမ်းနည်းဖွယ်ငိုကြွေးသံများက ဖုံးလွှမ်းသွားရချေတော့သည်။ ပြင်းအား ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိ မြေငလျင်ကြီးလှုပ်ခတ်မှုကြောင့် ကျောင်းအဆောက်အအုံကြီး ပြိုကျပျက်စီးသွားသည်။ ကျေးရွာအတွင်း မှီတင်းနေထိုင်ကြသူ ကျား ၂၆၄ ဦး၊ မ ၃၀၅ ဦးတို့ မြေငလျင်ဘေးသင့်ခဲ့ကြကာ အိမ်ခြေ ၁၄၆ လုံး ငလျင်ဒဏ်ခံခဲ့ရလေတော့သည်။

ကျကူနီကျေးရွာလေး၏ အဖြစ်ဆိုးကို ကြားသိရလျှင် ကြားသိရခြင်း ဒေသအာဏာပိုင်များက ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်ညတွင်းချင်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

ကျကူနီကျေးရွာသို့သွားရန် လမ်းနှစ်လမ်းရှိသည်။ တစ်လမ်းကတော့ တာလေမြို့က သွားရသည့်လမ်းဖြစ်ပြီး ခရီးတာတိုပေမယ့် လမ်းတွင်ရေချောင်း ၁၂ ချောင်းကို သဘာဝအတိုင်းဖြတ်ကျော်ရသည်။ တာချီလိတ်မြို့နယ် မိုင်းကိုးအုပ်စုဘက်မှ သွားသောလမ်းကား ခရီးမိုင်ရှည်သော်လည်း ရေချောင်းခုနစ်ချောင်းသာရှိသည့်အတွက် သွားလာရေး ပိုမိုအဆင်ပြေသည်။ သို့တိုင် ဖိုးဝိုးကားများဖြင့်သာ ခက်ခက်ခဲခဲသွားရသည်အထိ လမ်းအခြေအနေကဆိုးရွားလှသည်။ အချို့နေရာများဆိုလျှင် ယာဉ်သွားလာလို့မရလောက်အောင် ပျက်စီးနေသဖြင့် မျောတိုင်များကိုခုတ်ကာ ယာယီ ကားကူးလမ်းများခင်းပြီးသွားရသည်အထိ ခက်ခဲပင်ပန်းလှသည်။

တာဝန်ရှိသူများနှင့် ကယ်ဆယ်ရေးအဖွဲ့များသည် ကြမ်းတမ်းသောခရီးကို ပင်ပန်းကြီးစွာ ဖြတ်ကျော်ခဲ့ရသည်ကို အမှုမထားနိုင်၊ ကျကူနီရွာလေးသို့ရောက်သည်နှင့် ရှေးဦးစွာ ရွာသူ ရွာသားများအတွက် လိုအပ်သောဆေးဝါး၊ အစားအစာ၊ သောက်ရေသန့်တို့အား ဦးစွာ ဝေငှပေးပြီး ဝမ်းနည်းပူဆွေးနေကြသော ရွာသူ ရွာသားများအား အားပေးနှစ်သိမ့်စကားများပြောဆိုရသလို တစ်ဖက်ကလည်း ထိခိုက်ဒဏ်ရာရသူများအား ရှေးဦးသူနာပြုစုခြင်း၊ တာချီလိတ်ဆေးရုံကြီးသို့ ပို့ဆောင်ကုသမှုခံယူစေခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခဲ့သည်။ အပျက်အစီးများအား ရှင်းလင်းခြင်း၊ မြေငလျင်ကြောင့် ကွယ်လွန်သွားသူတို့၏ ရုပ်အလောင်းများအား ဓလေ့ထုံးတမ်းများနှင့်အညီ သင်္ဂြိုဟ်မှုပြုနိုင်ရေးတို့အတွက် အလျင်အမြန်ဆောင်ရွက်ပေးခဲ့ကြသည်။

ကျကူနီကျေးရွာ အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။

သဘာဝဘေးဆိုးကြီး ဖြစ်ပေါ်ပြီး နောက်တစ်နေ့ မိုးလင်းလျှင်လင်းချင်း တာဝန်ရှိသူများ အချင်းဖြစ်ဒေသများသို့ ချက်ချင်းရောက်ရှိလာကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်စီမံပေးခဲ့သည်။ ဧပြီလ ၂ ရက်တွင်မူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် မြေငလျင်ဒဏ်သင့် ကျကူနီကျေးရွာသို့ ရောက်ရှိလာကာ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အားပေးစကားများ ပြောကြားခဲ့သည်။

ထိုတွေ့ဆုံပွဲတွင် ကျကူနီကျေးရွာနေပြည်သူများက ကြောက်မက်ဖွယ်အဖြစ်ဆိုးကြီးနှင့် တွေ့ကြုံခဲ့ရသော မိမိတို့ကျေးရွာ၏ အနိဋ္ဌာရုံမြင်ကွင်းများအား ဆက်လက်ရှုမြင်ခံစားနိုင်ခြင်းမရှိတော့သည့်အတွက် အခြားသင့်လျော်သော နေရာတွင် ရွာသစ်တည်ထောင်ပေးပါရန် တာဝန်ရှိသူများအား တင်ပြတောင်းဆိုခဲ့ကြသည်။ တာဝန်ရှိသူများကလည်း တိုင်းရင်းသားပြည်သူများ၏ ခံစားချက်အား သိရှိနားလည်သည်နှင့်အညီ ဒေသခံပြည်သူများအား လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် လိုက်လျောညီထွေ ရှိနိုင်သော နေရာများ ရှာဖွေပြီး ကျေးရွာသစ်တည်ထောင်ပေးရန် စီမံဆောင်ရွက်ပေးခဲ့သည်။

ကျေးရွာပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ၂၄ နာရီ ရရှိရေးအတွက် ဤသို့ စီမံ ဆောင်ရွက်ပေးထားသည်။

ဆောင်ရွက်ပေး

ထို့နောက် ကျေးရွာပြည်သူများ၏ အဆိုပြုထားသော မူလရွာဟောင်း အနောက်မြောက်ဘက် ပင်လယ်ရေမျက်နှာပြင် အထက် ပေ၂၉၀၀ အမြင့်ရှိ တောင်ပေါ်ကို ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်းလေ့လာခဲ့သည်။ ရွာသစ်တည်ဆောက်ရန် အခြေအနေကောင်းရှိသည့်အတွက် စက်ကိရိယာများအသုံးပြု၍ မြေညှိခြင်း၊ မြေကွက်ဖော်ထုတ်ခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်။ ပေ ၁၀၀ ပတ်လည် လူနေအိမ်ကွက်ပေါင်း ၁၄၀၊ အနားမညီ မြေကွက် ခြောက်ကွက်၊ စာသင်ကျောင်း၊ အားကစားကွင်းနှင့် ဘုရားရှိခိုးကျောင်းများဆောက်လုပ်ရန် အပါအဝင် မြေကွက်ပေါင်း ၁၄၉ ကွက်ပါဝင်သည့် အကျယ် ၄၄ ဒသမ ငါး ဧကရှိ ကျကူနီရွာသစ် တည်ဆောက်မည့် မြေနေရာအား ဖော်ထုတ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ပြိုကျပျက်စီးခဲ့သော နေအိမ်များအစား ကာလတန်ဖိုး ငွေ ၁၆၂၅၁၉၄ ကျပ် တန်ဖိုးရှိ အလျား ၁၈ပေ× အနံ ၁၈ ပေ အကျယ်အဝန်းရှိ သွပ်မိုး၊ ပျဉ်ခင်း ပျဉ်ကာ နေအိမ် ၁၃၆ လုံးကို နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် အခမဲ့ တည်ဆောက်ပေးသွားမည်ဖြစ်ကာ ပြိုကျပျက်စီးခြင်းမရှိသည့် နေအိမ် ၁၀ လုံးအတွက် ရွာသစ်သို့ပြောင်းရွှေ့စရိတ် တစ်အိမ်ထောင်လျှင် ငွေကျပ်ခုနစ်သိန်းနှုန်းဖြင့် ထောက်ပံ့ပေးခဲ့သည်။

သုံးစွဲခွင့်ပြု

ကျကူနီကျေးရွာသစ် တည်ဆောက်ပေးရာတွင် ရွာလယ်အားကစားကွင်း၊ အခြေခံပညာမူလတန်းကျောင်း၊ ဘုရားရှိခိုးကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ နေ့ကလေးထိန်းမူကြိုကျောင်းများ အပါအဝင် စံပြကျေးရွာတစ်ရွာ၏ အင်္ဂါရပ်များနှင့်ပြည့်စုံအောင် တည်ဆောက်ပေးလျက်ရှိပြီး ကျေးရွာသူကျေးရွာသားများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စရပ်များတွင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ၄၅၀ မီဂါဟက်ဇ် စီဒီအမ်အေတယ်လီဖုန်း တစ်လုံးကိုလည်း ယာယီတပ်ဆင်ပေးထားပြီး သုံးစွဲခွင့်ပြုထားခဲ့သည်။

မှတ်တမ်းတင်

ကျကူနီကျေးရွာ တည်ဆောက်ရေးလုပ်ငန်းကို နိုင်ငံတော်အစိုးရ၏ အစီအမံဖြင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အနီးကပ်အားကြိုးမာန်တက် စေတနာအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသဖြင့် ယနေ့ဆိုလျှင် ကျကူနီကျေးရွာတည်ဆောက်ရေးလုပ်ငန်းများသည် ၇၄ ဒသမ ၅၉ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ တစ်ချိန်တစ်ခါက သာမန်ကျေးရွာလေးတစ်ခုအဖြစ် တောခေါင်ခေါင်အလယ်တွင် မထင်မရှားရပ်တည်ခဲ့ရပြီး ပြင်းထန်လှသည့် မြေငလျင်ဒဏ်ကြောင့် မြေပြင်တွင် ပြားပြားဝပ်ပျက်စီးခဲ့ရသော ကျကူနီကျေးရွာလေးသည် နိုင်ငံတော်အစိုးရနှင့် စေတနာရှင်ပြည်သူများ၏ ပံ့ပိုးလှူဒါန်းမှုများဖြင့် မိသားစုတိုင်း ခိုင်ခံ့လှပသော ကိုယ်ပိုင်အိမ်အသီးသီးဖြင့် သန့်ရှင်းလှပသော စံပြကျေးရွာအဖြစ် မကြာမီကာလအတွင်း ဝင့်ထည်စွာပေါ်ထွန်းလာတော့မည်ဖြစ်ပါကြောင်း ဝမ်းမြောက်စွာဖြင့် ရေးသားမှတ်တမ်းတင်လိုက်ရပါတော့သည်။ ။

ကျကူနီကျေးရွာသစ် တည်ဆောက်ပြီးစီးမှုကို ဤသို့ တွေ့ရသည်။



25-9 (10).pmd 1 9/25/2011, 3:11 AM

တောင်သူများအား ပံ့ပိုးပစ္စည်းများပေးအပ်ပွဲ မြောင်းမြမြို့နယ်၌ကျင်းပ

မြောင်းမြ စက်တင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ အဓိပတိလယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလီမိတက်က မြို့နယ်အတွင်း ၂၀၁၀-၂၀၁၁ခုနှစ် စိုက်ပျိုးစရိတ် ထောက်ပံ့ထားသည့် တောင်သူလယ်သမားများအား ပံ့ပိုးပစ္စည်းများပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မြောင်းမြမြို့ မြရွှေဝါခန်းမ၌ ကျင်းပသည်။

ပေးအပ်

အခမ်းအနားတွင် မြောင်းမြခရိုင် အုပ်ချုပ်ရေးမှူး ဦးမင်းထူးကျော်က အမှာစကားပြောကြားသည်။ ထို့နောက် အဓိပတိ လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလီမိတက် ဒါရိုက်တာ(၁) ဒုတိယဗိုလ်မှူးကြီး စိုးတင့်(ငြိမ်း)က အမှာစကားပြောကြားပြီး မြောင်းမြမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၅၂) အုပ်စုမှ တောင်သူလယ်သမားများအတွက် စာရေးစားပွဲနှင့် ထိုင်ခုံအစုံ ၆၅၀၊ ဆပ်ပြာသေတ္တာ ၇၁၀ တို့ကို ပေးအပ်သည်။

ဆက်လက်၍အထွေထွေမန်နေဂျာ ဒုတိယဗိုလ်မှူးကြီး အောင်ကျော်ဦး(ငြိမ်း)က ကံကြီးထောင့်မြို့နယ် ကျေးရွာအုပ်စု ၁၀အုပ်စုမှ တောင်သူများအတွက် စာရေးစားပွဲနှင့် ထိုင်ခုံအစုံ ၁၃၀နှင့် ဆပ်ပြာသေတ္တာ ၁၄၀ တို့ကို ပေးအပ်သည်။

အဓိပတိလယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးလီမိတက်က မြောင်းမြမြို့နယ်အတွင်း တောင်သူများ၏ဘဝ တိုးတက်မြင့်မားရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုကိုရည်ရွယ်၍ ၂၀၁၁ ခုနှစ် မိုးစပါးရာသီအတွင်း ယခု စက်တင်ဘာလအထိ ငွေကျပ်သိန်းပေါင်း ၉၉၂၂ စိုက်ပျိုးစရိတ် ထောက်ပံ့ပေးထားပြီး ဖြစ်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရှင်းလင်း

လျှပ်စစ် အန္တရာယ်ကင်းရှင်းရေးနှင့် မီးသုံးစွဲသူများ သတိပြုရမည့် အချက်များ၊ ဆောင်ရန်ရှောင်ရန် နည်းလမ်းများကို စမ်းချောင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းဟောပြောစဉ်။ (ဝ၀၇)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး စမ်းချောင်းမြို့နယ်၌ ဟောပြော

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးဟောပြောပွဲကို အမှတ်(၃)အခြေခံပညာအလယ်တန်းကျောင်းတွင် စက်တင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် မီးသုံးစွဲသူများ သတိပြုရမည့် အချက်များ၊ ဆောင်ရန်ရှောင်ရန်နည်းလမ်းများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းဟောပြောသည်။ ဆက်လက်၍ တာဝန်ရှိသူများက တက်ရောက်လာကြသူများအား လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဝန်ထမ်းများက လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ (ဝ၀၇)

လျှပ်စစ်အန္တရာယ် အသိပညာပေး မြေစိုက်ပိုစတာများစိုက်ထူ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများသည် မြို့၏ အချက်အချာကျသော အမှတ်(၁)ရပ်ကွက် အနော်ရထာလမ်းနှင့် ရာဇသင်္ကြန်လမ်းထောင့်၊ အမှတ်(၇) ရပ်ကွက် ရာဇမိရာဇ်လမ်းနှင့် ငထွေရှူးလမ်းထောင့်၊အမှတ်(၁၂)ရပ်ကွက် တပင်ရွှေထီးလမ်းနှင့်ကျန်စစ်သားလမ်းထောင့်၊ အမှတ်(၁၃၃)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် နဝဒေးလမ်းထောင့်နေရာများတွင် လျှပ်စစ်အန္တရာယ် အသိပညာပေး မြေစိုက်ပိုစတာများစိုက်ထူပြီး ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၄

ရန်ကုန်အနောက်ပိုင်းခရိုင်ရုံး၌ စာအုပ်လှူဒါန်းပွဲကျင်းပ

လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းစုံ Student's Guide (အင်္ဂလိပ်)စာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို စက်တင်ဘာ ၁၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်အနောက်ပိုင်းခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပညာ့အလင်းခေတ်မီစာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗိုလ်တထောင်မြို့နယ် အမှတ် (၃၇/၃၉) ၄၄ လမ်းနေ အလှူရှင် ဦးကျော်ထွေးနှင့် ဒေါ်ကေခိုင်ဦး မိသားစုက ငွေကျပ် ၆ဝ၅၈၇၀၀ တန်ဖိုးရှိ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ အတန်းစုံ Student's Guide (အင်္ဂလိပ်)စာအုပ် ၆၇၉၇ အုပ်ကို လှူဒါန်းရာ ခရိုင်ဦးစီးအရာရှိ ဦးစန်းလွင်ဦးက လက်ခံယူပြီး ဂုဏ်ပြုလက်မှတ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)

စာကြည့်တိုက်လုပ်ငန်းဆိုင်ရာများ အမ်းမြို့နယ်၌ အလုပ်ရုံဆွေးနွေး

အမ်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၃၀ ရက် ညနေ ၃ နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးတင်ရွှေက ဝန်ထမ်းများ အသိပညာဗဟုသုတ အရည်အသွေး ပြည့်ဝစေရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေ့စဉ်ထုတ်သတင်းစာများ ပုံမှန်ဖတ်ရှုလေ့လာရန်နှင့် လုပ်ငန်းတာဝန်များ အောင်မြင်ရန်အတွက် ၂၀၁၁-၂၀၁၂ခုနှစ် ရည်မှန်းချက်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရန်လည်းကောင်း၊ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ စံ(၅)ချက်နှင့် ပြည့်စုံပြီး ရေရှည်တည်တံ့ခိုင်မာစေရန်၊ ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ကြရန် လည်းကောင်း ဆွေးနွေးသည်။

ယင်းနောက် ရုပ်/သံ(၃)ဦးသန်းမောင်က ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များခိုင်မာစေရန် စံ (၅)ချက်နှင့်ပြည့်စုံအောင် ဆောင်ရွက်သွားရေး၊ စာထောက်(၃) ဒေါ်ခင်မျိုးတင်က ၂၀၁၁-၂၀၁၂ ခုနှစ် ရည်မှန်းချက်တာဝန် စာကြည့်တိုက်များ ထာဝရရှင်သန်ဖွံ့ဖြိုးရေးအတွက် သတ်မှတ်စံ(၁၀)ချက်နှင့် ပြည့်စုံအောင် ဆောင်ရွက်ရန် ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများက အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာစေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္လာနေ့ -နံနက်+နေ့လယ်+ည)

၂၆-၉-၂၀၁၁

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
၇း၀၅	တရားတော် (အာဋ္ဌာနာဋ္ဌိယသုတ်+ဂုဏ်တော်ကွန်ချာ)
၇း၃၀	ဓမ္မပူဇာတေးပဒေသာ
၇း၃၅	(၃၈)ဖြာမင်္ဂလာ နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန် + သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	**(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန်စံတေးသီချင်းများ တေးပဒေသာ**
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (အာဟာရပြည့်ဝတဲ့ခရမ်းချဉ်သီး စိုက်ပျိုးခြင်း)+ တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (ပန်းသီးနဲ့ အလှပြင်မယ်)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (မှတ်သားလေ့လာသိပ္ပံပညာ-၁၀)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	လူမှုစာနာပြန်ကြားလွှာ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀	မွန်းလွဲပိုင်းသတင်း
၁၃း၁၀	ပညာရေးအစီအစဉ် (မူလတန်းအောက်ဆင့် ကာယပညာ) တေးပဒေသာ
၁၃း၃၀	အစီအစဉ်ပြီး၏။
၁၆း၀၀	အဖွင့်တီးလုံး+ကြေညာချက် **(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များ လေ့လာရန် စံတေးသီချင်းများ**
၁၆း၃၀	သောတရှင်လိုရာတေး
၁၇း၀၀	ထူးခြားထင်ရှား တစ်ပတ်အတွင်းသတင်းများ
၁၇း၁၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (စာရင်းပြုစုခြင်းမှရနိုင်တဲ့ ကျန်းမာရေးအကျိုးကျေးဇူး)
၁၇း၁၅	ဇာနည်စစ်သည်တေးပန်းချီ
၁၇း၂၅	သတင်းစာဆောင်းပါး
၁၇း၃၅	အင်္ဂလိပ်စာသုတပဒေသာ(၇၈) ညနေခင်းတေးပဒေသာ
၁၈း၀၀	ညနေခင်းသတင်း
၁၈း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၁၉း၀၀	နိုင်ငံတကာသတင်း
၁၉း၁၀	**(၁၈)ကြိမ်မြောက် မြန်မာရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတီးအကဲဖြတ်အဖွဲ့ ဆွေးနွေးခန်း** တေးပဒေသာ
၁၉း၄၀	ပျိုးပဒေသာ
၂၀း၀၀	ပြည်တွင်းသတင်း
၂၀း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ဂီတစာဆိုဘိုကလေးတင့်အောင်နှင့် ဇနီးဒေါ်ခင်ရီ)
၂၁း၀၀	ခံစားနားဆင်မြန်မာတေးသံစဉ်
၂၁း၃၀	ညချမ်းချိန်ခါ တေးပဒေသာ အဖိတ်နေ့နှုတ်ဆက်ချက်
၂၂း၀၀	အစီအစဉ်ပြီး၏။

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင်များ အာဆီယံ-အိန္ဒိယ ကျောင်းသားလူငယ် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန် အိန္ဒိယနိုင်ငံသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၂၄

အိန္ဒိယနိုင်ငံ မွမ်ဘိုင်း၊ ချန်နိုင်း၊ ဘင်္ဂလော၊ ပိုက်ဒရပ်၊ အာဂရာနှင့် နယူးဒေလီဒေသများတွင် ကျင်းပမည့် အာဆီယံ-အိန္ဒိယ ကျောင်းသားလူငယ် နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် ဒေါ်ခင်ဖြူရွှေနှင့် ဒေါ်သွန်းဖြိုး ဆုလာဘ်လှိုင်တို့သည် စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အကြံပေး ဒေါ်တင်ရွှေ၊ အတွင်းရေးမှူး ဒေါ်နှင်းဝေနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း)

မြန်မာ့အလင်း မှုခင်းသတင်း

ဓာတ်လိုက်သေဆုံးမှုဖြစ်ပွား

ရန်ကုန် စက်တင်ဘာ ၂၄

စက်တင်ဘာ ၂၁ ရက် နံနက် ၈ နာရီ ၁၀ မိနစ်က တာမွေမြို့နယ် တာမွေကြီး (ခ)ရပ်ကွက် ဦးချစ်မောင်အိမ်ရာရှေ့ တိုက်အမှတ် S-27 ရှေ့ ဗို့အား ၆၆၀၀ ရှိ ဓာတ်တိုင်မှဓာတ်ကြိုးသည် အနီးတွင်ရပ်တန့်ထားသော မော်တော်ယာဉ်ပေါ်သို့ပြုတ်ကျခဲ့ရာ အနီးတွင် လမ်းလျှောက်လာသော ဦးခင်မောင်ဝင်း အသက်(၄၂)နှစ် (ဘ) ဦးလှသန်း အမှတ်-၃၇ ပတ္တမြားလမ်း (၁၉)ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေသူက ဓာတ်ကြိုးအားကိုင်၍ဖယ်ရှားလိုက်စဉ် ဓာတ်လိုက်သေဆုံးသွားကြောင်း သိရှိရသည်။ (၀၄၄)

ရန်ကုန်တောင်ပိုင်းခရိုင် မြို့နယ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူးဖလား မြို့နယ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ (ခ)အုပ်စု ပတ်လည်ပွဲစဉ်များကို စက်တင်ဘာ ၂၁ ရက်က တွံတေးအားကစားကွင်း၌ ကျင်းပသည်။ **(ယာပုံ)**

ပထမပွဲစဉ်အဖြစ် ဒလမြို့နယ်အသင်းနှင့် ကော့မှူးမြို့နယ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ပထမပိုင်းပွဲအစ ၁၂ မိနစ်အကြာတွင် ကော့မှူးမြို့နယ်အသင်းမှ နိုင်ဝင်းသိန်းက တစ်ဂိုးသွင်းယူခဲ့ပြီး ဒုတိယပိုင်း ၃၂ မိနစ်အကြာတွင် ဒလမြို့နယ်အသင်းမှ တေဇာကိုကိုက ပြန်လည်၍ ချေပဂိုးသွင်းယူခဲ့သဖြင့် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ဒုတိယပွဲစဉ်တွင် ဆိပ်ကြီးခနောင်တိုမြို့နယ်အသင်းနှင့်ကွမ်းခြံကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေဖြစ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

လှိုင်သာယာ၌ သစ်ကားတစ်စီး တိမ်းမှောက်

ရန်ကုန် စက်တင်ဘာ ၂၄

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အောင်ဇေယျတံတားအဆင်းတွင် သစ်ကားတစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှု စက်တင်ဘာ ၂၃ ရက် နံနက် ၁၁နာရီ မိနစ် ၅၀ ခန့်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုးကျတိမ်းမှောက်

ဖြစ်စဉ်မှာ ရေကြောင်းသိပ္ပံ သဲကွင်းရှိ သစ်ကွင်းမှသစ်များတင်ဆောင်လာသော ဒရိုင်ဘာ ကိုသိန်းဟန် မောင်းနှင်သည့် ၃ခ/..... ဆယ်ဘီးကားသည် အောင်ဇေယျတံတားအဆင်းတွင် သစ်တင်ထားသောကားတစ်စီးကို ကျော်တက်စဉ် ရှေ့တွင်မောင်းနှင်နေသည့် တက္ကစီကားနောက်ပိုင်းကို တိုက်မိ၍ ဘယ်ဘက်သို့ဆွဲအကွေ့၌ အရှိန်ဖြင့် တက်လာသော ၂ဂ/.... ရေခဲတင် ဆယ်ဘီးကား၏ ဘယ်ဘက်နောက်ပိုင်း ဘန်ပါကို ပွတ်တိုက်မိကာ တစ်ပေ အမြင့်ရှိသည့် လူလျှောက်လမ်းကို ကျော်၍ တံတားဘေး အမှတ်(၁) ဈေးဘက်အခြမ်းသို့ ထိုးကျတိမ်းမှောက်သွားခြင်းဖြစ်သည်။ **(ယာပုံ)**

ထွက်ပြေးတိမ်းရှောင်

အဆိုပါဖြစ်စဉ်တွင် လူအသေအပျောက်မရှိဘဲ ယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပေးအပ်လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အထက(၅) ကျောင်း အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးစိုးမြင့် (New Shwe Sin)၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စံဝင်းဖြူနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက (၆၁) ကြိမ်မြောက် ဘိုးဘွားများနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေကျပ် နှစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

[illegible]
Full Moon Business Group [illegible]
[illegible] Full Moon Business Group [illegible]
[illegible] Group [illegible]
[illegible]
LL.B, DBL, DML
[illegible]

မြင့်မောင်စိုး – ရေးသားသည်

ကမ္ဘာကျော် အဆိုတော် ချယ်ရီကိုးလ် ချစ်သူအသစ်ရှာဖွေနေဆဲ

နယူးယောက် စက်တင်ဘာ ၂၄

အဆိုတော် ချယ်ရီကိုးလ် (Cheryl Cole) ဟာ ပေါ့ပ်နဲ့ R & B သီချင်းများနဲ့ ကမ္ဘာကျော် လူသိများတဲ့ အဆိုတော်ဖြစ်ပါတယ်။ အသက် ၂၈ နှစ်ရှိပြီဖြစ်တဲ့ အဆိုတော် ချယ်ရီကိုးလ်ဟာ ဗြိတိန်မှာသာမက အမေရိကမှာပါ အောင်မြင်ကျော်ကြားတဲ့ အဆိုတော် ဖြစ်ပါတယ်။ အမေရိကန်သီချင်းဆိုပြိုင်ပွဲ X Factorရဲ့ ဒိုင်အဖွဲ့ဝင်ဖြစ်လာတဲ့ ချယ်ရီကိုးလ်ဟာ အမေရိကန်ပရိသတ်များအကြား အလွန်ရေပန်းစားနေတဲ့ အဆိုတော် ဖြစ်ပါတယ်။

စီစဉ်နေ

သူမဟာ ယခုလအစောပိုင်းက အာဖဂန်နစ္စတန်နိုင်ငံရှိ ဗြိတိသျှတပ်ဖွဲ့ဝင်တွေကို သွားရောက်ဖျော်ဖြေခဲ့ပါတယ်။ သူမဟာ မကြာမီ တာဝန်ပြီးဆုံးတော့မယ့် ဗြိတိသျှတော်ဝင်တပ်ဖွဲ့ဝင် အင်ဒီဘိတ်ကာကို ညစာစားပွဲတစ်ရပ် တည်ခင်းကျွေးမွေးဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ သူတို့နှစ်ဦးဟာ အာဖဂန်နစ္စတန်နိုင်ငံ ဟယ်လ်မန့်ပြည်နယ်မှာ ပထမဆုံး ဆုံဖြစ်ခဲ့ကြတာဖြစ်ပါတယ်။

ရှာဖွေနေဆဲ

လာမယ့်အောက်တိုဘာ ၁ ရက်မှာ သူတို့နှစ်ဦးတွေ့ဆုံဖို့ ချိန်းဆိုထားကြပါတယ်။ ချယ်ရီကိုးလ်ဟာ ချယ်လ်ဆီးဘောလုံးသမား အက်ရှ်လေကိုးလ်ရဲ့ ဇနီးဟောင်းဖြစ်ပါတယ်။

အက်ရှ်လေကိုးလ်နဲ့ ချယ်ရီကိုးလ်တို့ဟာ အက်ရှ်လေကိုးလ်ရဲ့ မရှုပ်မရှင်းကိစ္စများကြောင့် လမ်းခွဲခဲ့ကြပါတယ်။ ယခုအခါမှာတော့ ချယ်ရီကိုးလ်ဟာ အမေရိကန် X Factor သီချင်းဆိုပြိုင်ပွဲရဲ့ ဒိုင်လူကြီးတစ်ဦးဖြစ်လာသလို ချစ်သူအသစ် ရှာဖွေနေဆဲဖြစ်ကြောင်း မီဒီယာများက ဆိုပါတယ်။ **(အင်တာနက်)**

အဆိုတော် ချယ်ရီကိုးလ်

မောင်မောင်မြင့်ဆွေ ➤ စုစည်းသည်

အန်ကာရာ(တူရကီ) စက်တင်ဘာ ၂၄

တူရကီနိုင်ငံ ဘောလုံးပွဲအချို့မှာ အုပ်စုဖွဲ့အကြမ်းဖက်မှုတွေကို ထိန်းချုပ်ဖို့ ကြိုးစားတဲ့အနေနဲ့ အမျိုးသားတွေကို ဘောလုံးပွဲ အခမဲ့ကြည့်ရှုမှုပိတ်ပင်ပြီး အမျိုးသမီးတွေနဲ့ ကလေးတွေကိုသာ အခမဲ့ ကြည့်ရှုခွင့်ပြုလိုက်ပါတယ်။ **(ဝဲပုံ)**

ကြည့်ရှုခွင့်ပြု

ဒီစည်းကမ်းချက်အသစ်ကို တူရကီဘောလုံးအဖွဲ့ချုပ်က သဘောတူခဲ့တာပါ။ အမျိုးသမီးများနဲ့ အသက် ၁၂နှစ်အောက်ကလေးတွေသာ ကွင်းများအတွင်း ဝင်ရောက်ကြည့်ရှုခွင့်ပြုလိုက်တာ ဖြစ်ပါတယ်။ ဒီစည်းကမ်းချက်အရ လွန်ခဲ့တဲ့ စက်တင်ဘာ ၂၀ရက်က အစ္စတန်ဘူလ်မြို့မှာ ကျင်းပတဲ့ ဖီနာဘာချီနဲ့ မာနီဆာစပေါတို့ပြိုင်ပွဲကစပြီး အမျိုးသမီးတွေနဲ့ ကလေးတွေကိုအခမဲ့ ကြည့်ရှုခွင့်ပြုလိုက်တာဖြစ်ကြောင်း တူရကီဘောလုံးအဖွဲ့ချုပ် တာဝန်ရှိသူတွေက ပြောပါတယ်။

ဒီပွဲမှာ အမျိုးသမီးများနဲ့ ကလေးနှစ်ရပ်ပေါင်း ၄၁၀၀၀ကိုအခမဲ့ စတင်ကြည့်ရှုခွင့်ပြုလိုက်တာ ဖြစ်တယ်လို့ ဆိုပါတယ်။ အစ္စတန်ဘူလ်မြို့ ဆုခရုဆာရာတိုဂလု အားကစားကွင်းကြီးမှာ ထိုနေ့က များပြားလှတဲ့အမျိုးသမီးတွေဟာ ကွင်းထဲသို့ အများအပြား ဝင်ရောက်လာကြပါတယ်။ တချို့က ကလေးတွေကို တွဲလောင်း ချီပြီး ဝင်ရောက်လာတယ်လို့ဆိုပါတယ်။ နှစ်ဖက်သောအားကစားသမားတွေက ကွင်းအတွင်းဝင်ရောက်လာတဲ့ ပရိသတ်တွေကို ပန်းတွေနဲ့ ပစ်ပေါက်ကြိုဆိုခဲ့ကြတယ်တဲ့။ ဒီလိုဖြစ်စဉ်ကတော့ တူရကီမှာ ပထမဆုံးပါပဲ၊ တကယ့်ကိုမမေ့နိုင်တဲ့ ဖြစ်ရပ်တစ်ခုပါပဲလို့ ဖီနာဘာချီအသင်းခေါင်းဆောင် အဲလက်ဇ်ဒီဆိုဆာက ပြောပါတယ်။ **(အင်တာနက်)**

တရုတ်ရေကူးသမား ဆန်ယန် မီတာ ၄၀၀ တွင် အာရှ စံချိန်တင်

ပေကျင်း စက်တင်ဘာ ၂၄

တရုတ်အမျိုးသားရေကူးချန်ပီယံပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်က ယှဉ်ပြိုင်ရာ တရုတ်ရေကူးသမားဆန်ယန်က မီတာ ၄၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် ၃ မိနစ် ၄၀ ဒသမ ၂၉ စက္ကန့်ဖြင့် အာရှစံချိန်ကို ချိုးကာ ဗိုလ်စွဲခဲ့သည်။ **(အပေါ်ပုံ)**

တတိယရရှိ

ဆန်ယန်သည် ယခင်က အာရှစံချိန်တင်ထားခဲ့သော တရုတ်ရေကူးသမား ကျန်လင်း၏ ၃ မိနစ် ၄၁ ဒသမ ၃၅ စက္ကန့်ကို ယခုပွဲ၌ စံချိန်တင်ချိုးနိုင်ခဲ့ခြင်းဖြစ်သည်။ ယခုပွဲ၌ ဟီနန်ပြည်နယ်မှ ရေကူးသမားလီယန်ကျီက ဒုတိယရရှိပြီး တရုတ်ရေတပ်မှ ရေကူးသမား ဒေါင်ကျီဂွန်က တတိယရရှိခဲ့သည်။

အသက် ၂၀ အရွယ်ရှိ တရုတ်ရေကူးကစားသမား ဆန်ယန်က မီတာ ၄၀၀ လိပ်ပြာကူးပြိုင်ပွဲ၌ ယခုထက် စံချိန်ပိုကောင်းအောင် ကြိုးစားသွားမည်ဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဆင်နယ်နိုင်ပွဲပြန်စ၊ ချယ်လ်ဆီး၊ လီဗာပူး၊ မန်စီးတီးနိုင်

လန်ဒန် စက်တင်ဘာ ၂၄

ပရီမီယာလိဂ်ပွဲစဉ်(၆)ပြိုင်ပွဲများကို စက်တင်ဘာ ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ထိပ်သီးအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ ချယ်လ်ဆီး၊ အာဆင်နယ်နဲ့ လီဗာပူးတို့ အနိုင်ရခဲ့ကြပါတယ်။

အစောပိုင်းပြိုင်ပွဲမှာ မန်စီးတီးက အိမ်ကွင်းတွင် အဲဗာတန်ကို ဘာလော့ တယ်လီနဲ့ မီလ်နာတို့ရဲ့ ဂိုးတွေနဲ့ နိုင်ခဲ့ပါတယ်။ အစပိုင်းမှာ အဲဗာတန်က တောင့်ခံကစားခဲ့ပေမယ့် အဂူရိုနဲ့ ဆေးလ်ဗားတို့ရဲ့ တိုက်စစ်ကြောင့် ဂိုးပေါက်ကန်သွင်းခွင့်များ ရခဲ့ရာမှ မန်စီးတီးတို့အနိုင်ရခဲ့ခြင်း ဖြစ်ပါတယ်။ အာဆင်နယ်က အိမ်ကွင်းမှာ ဘော်လ်တန်အသင်းကို သုံးဂိုးပြတ်နဲ့နိုင်ခဲ့ပါတယ်။ ဒီပွဲမှာ အာဆင်နယ်အသင်းခေါင်းဆောင် ဗန်ပါစီက ၉၉ ဂိုးမြောက်နဲ့ ၁၀၀ မြောက်ဂိုးများ သွင်းယူခဲ့ပါတယ်။အာဆင်နယ်အတွက် ပွဲသိမ်းအနိုင်ဂိုးကိုတော့ အလက်ဇန္ဒြားဆောင်းက သွင်းယူခဲ့တာပါ။ အာဆင်နယ်တို့ ဒီပွဲအနိုင်ရလိုက်တဲ့အတွက် နည်းပြအာစင်ဝင်းဂါး ဖိအားပေးခံရမှု သက်သာစေခဲ့ပြီး ဇယားနံပါတ် ၁၂နေရာသို့ တက်လာခဲ့ပါတယ်။ ချယ်လ်ဆီးက ဆွမ်ဆီးအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ ချယ်လ်ဆီးအတွက် တောရက်စ်၊ ရာမီရက် (နှစ်ဂိုး)နဲ့ ဒရော့ဘာတို့က သွင်းယူခဲ့တာဖြစ်ပါတယ်။ ပွဲချိန် ၃၉ မိနစ်မှာ တောရက်စ်အနီကတ်နဲ့ ထွက်ခဲ့ရသော်လည်း ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။လီဗာပူးက ဝူလ်ဗာဟမ်တန်ကို နှစ်ဂိုး-တစ်ဂိုး၊ နယူးကာဆယ်က ဘလက်ဘန်းကို သုံးဂိုး-တစ်ဂိုး၊ စပါးက ဝီဂန်ကို နှစ်ဂိုး-တစ်ဂိုး၊ စတုတ်နဲ့ မန်ယူက တစ်ဂိုးစီ သရေနဲ့ ဝက်စ်ဘရွန်းနဲ့ ဖူလ်ဟမ်တို့ပွဲမှာ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပါတယ်။ **(အင်တာနက်)**



မန်စီးတီးနှင့် အဲဗာတန်တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားမှုကို ဤသို့ တွေ့ရသည်။

သက်တမ်းလွန်မော်တော်ယာဉ်များ လာရောက်အပ်နှံမှု

စက်တင်ဘာ ၂၃ ရက်အထိ ၂၃၀၉ စီးရှိပြီဖြစ်

ရန်ကုန် စက်တင်ဘာ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီး ဦးသန့်ရှင်းနှင့် ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ခင်တို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ သက်တမ်းလွန်မော်တော်ယာဉ်များအပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးကာ ယာဉ်ပိုင်ရှင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အခက်အခဲများကို မေးမြန်းပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

ဆောင်ရွက်ပေး

ရန်ကုန်တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ယာဉ်အိုဟောင်းများအပ်နှံရေးကို နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ ဆောင်ရွက်ပေးလျက်ရှိပြီး စတင်ပြုလုပ်သည့် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ လာရောက်အပ်နှံသည့် ယာဉ်စီးရေမှာ ၁၁၄၈ စီးရှိပြီဖြစ်သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်ရုံး ၁၈ ရုံး၌ လက်ခံဆောင်ရွက်ခဲ့ရာတွင် စက်တင်ဘာ ၂၃ ရက်အထိ အပ်နှံသည့်ယာဉ်စုစုပေါင်း ၂၃၀၉ စီးရှိကြောင်းနှင့် ယာဉ်ပိုင်ရှင်၏ ဆန္ဒအရ ခေတ္တပြန်လည်အသုံးပြုမည့်စီးရေ ၄၁၆ စီးရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း သက်တမ်းလွန် မော်တော်ယာဉ်များ လာရောက်အပ်နှံနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျောက်စိမ်းအချောထည်များရောင်းချသည့် ရတနာဈေးတည်ဆောက်နိုင်ရေးကြိုးပမ်း

ကျောက်စိမ်းဈေးကွက် ကျယ်ပြန့်ခိုင်မာစွာ ထွန်းကားနေရေးဆောင်ရွက်

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျောက်စိမ်းဈေးကွက်အခြေအနေ၊ ကျောက်စိမ်းအချောထည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်းအချောထည်များ ရောင်းချသည့် ရတနာဈေးတည်ဆောက်ရေး၊ အချောထည်စက်ရုံများ တည်ဆောက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် စက်တင်ဘာ ၂၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ Conference Room ၌ ကျင်းပသည့် ကျောက်စိမ်းဈေးကွက်အခြေအနေ၊ ကျောက်စိမ်းအချောထည်ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်းအချောထည်များ ရောင်းချသည့် ရတနာဈေးတည်ဆောက်ရေး၊ အချောထည်စက်ရုံများ တည်ဆောက်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုဝန်ကြီးက ကျောက်စိမ်းအချောထည်ထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောက်စိမ်းအချောထည်များ ရောင်းချသည့် ရတနာဈေးတည်ဆောက်နိုင်ရေးနှင့် အချောထည်စက်ရုံများ တည်ဆောက်နိုင်ရေး၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအနေဖြင့် ပြည်ပကျောက်စိမ်းဈေးကွက်များအား သွားရောက်လေ့လာခဲ့ကြသည့် အတွေ့အကြုံများကို အခြေခံကာ မြန်မာနိုင်ငံ၌ ဖြစ်ထွန်းအောင်မြင်နေသည့် ကျောက်စိမ်းဈေးကွက် ကျယ်ပြန့်ခိုင်မာစွာ ဆက်လက်ထွန်းကားနေရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးရုံးမူနှင့် လေ့လာရေးအဖွဲ့ဝင်များက ပြည်ပနိုင်ငံလေ့လာရေး ခရီးစဉ်များ၌ တွေ့ကြုံရသည့် ကျောက်စိမ်းဈေးကွက်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ပါဝင်ဆွေးနွေး

ထို့နောက် မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ လုပ်ငန်းရှင်များက ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



နာဆာမှ ဆယ်စုနှစ်ကြာ သက်တမ်းလွန် ဂြိုဟ်တု ကမ္ဘာမြေပြင်သို့ ကျဆင်း။

စာ - ၄

ကမ္ဘာကျော် အဆိုတော် ချယ်ရီကိုးလ် ချစ်သူအသစ် ရှာဖွေနေဆဲ

စာ - ၁၂

တူရကီတွင် အမျိုးသမီးများကိုသာ ဘောလုံးပွဲ အခမဲ့ ကြည့်ခွင့်ပြု

စာ - ၁၂

ဖိလစ်ပိုင် တောင်ပိုင်း၌ ရေလွှမ်းမှု ဖြစ်ပွား

စာ - ၄